# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)**


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၃၀ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၃၉)




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့အား သီးခြားစီတွေ့ဆုံ

စာမျက်နှာ ➤ ၄


Let's Build Together!

**ရုံးချုပ်**

- အမှတ် (၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
- ဖုန်း - ၀၉၅ - ၁ - ၂၅၅၈၁၉ - ၃၈
- ဖက်(စ်) - ၀၉၅ - ၁ - ၂၅၅၈၃၉
- Email : ho@maxcement.com
- Sales Hotline - ၀၉၅ - ၉ - ၇၇၀၇၇၀၇၇၀
- Techanical Hotline - ၀၉၅ - ၉ - ၉၆၀၉၆၀၅၆၀

**စက်ရုံ**

- တောင်ဇီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
- ဖုန်း - ၀၉၅ - ၉ - ၅၀၀၀၇၃၇၊ ၀၉၅ - ၉ - ၄၉၂၀၅၀၂၄
- Email: factory@maxcement.com

MAX CEMENT

Website: www.maxmyanmargroup.com

မြန်မာ့အလင်း

# ကြီးမားသောအောင်မြင်မှု ရရှိခဲ့သည့် (၂၁)ရာစုပင်လုံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ မူလသတ်မှတ်ရက်ထက် တစ်ရက်ထပ်တိုးကာ အကျေအလည်ညှိနှိုင်းမှုများကြောင့် **UPDJC** မှ တင်သွင်းသောအဆိုပြုလွှာ အချက် ၄၅ ချက်မှ ၃၇ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။ ဤသည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ **(UPDJC)** မှ အဆိုပြုတင်သွင်းလာသော မူဝါဒ၊ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက်ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော သဘောတူညီချက်များဖြစ်ပေသည်။ ဤပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) တွင် နိုင်ငံရေးကဏ္ဍ သဘောတူညီချက်(၁၂)ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁)ချက်၊ လူမှုရေးကဏ္ဍမူဝါဒသဘောတူညီချက် (၄) ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက် စုစုပေါင်း ၃၇ ချက် ပါဝင်သည်။ ၎င်းသဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (င)အရ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)တွင် အစုအဖွဲ့အသီးသီး၏ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤသို့(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပထမဆုံးအောင်မြင်စွာ လှမ်းတက်နိုင်သည့်ခြေလှမ်းဟုဆိုရပါမည်။ ဤအဆင့်သို့ရောက်ရှိလာစေရန် **NCA** စာချုပ်ပါအချက်များအရ ညီလာခံနှစ်ခုကြားကာလတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ကြရသည်။ ထိုအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှရရှိလာသော မူဝါဒတင်ပြချက်များကို လုပ်ငန်းကော်မတီများတွင် မျိုးတူရာစုစည်း၍ အတွင်းရေးမှူးများအဖွဲ့သို့ တင်ပြရပြီး နောက်ဆုံးတွင် **UPDJC** မှ မူဝါဒအဆိုပြုချက်များအဖြစ် စိစစ် ရွေးထုတ်ခဲ့ရခြင်းဖြစ်သည်။ ဤသည်မှာ အောက်ခြေမှကျယ်ပြန့်သော သဘောထားများကို အခြေခံ၍ အဆင့်ဆင့်အထက်သို့ တက်လာသော ပုံစံဖြစ်ပါသည်။ ခေတ်အဆက်ဆက် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော ပုံစံများနှင့် လုံးဝခြားနားသောအစီအစဉ်ဖြစ်သည်။ ယခု နောက်ဆုံးအဆင့်မူဝါဒများကို ညှိနှိုင်းရာတွင်လည်း အားလုံးသဘောတူခြင်းထက် အားလုံးလက်ခံနိုင်သောမှုများကိုသာ မူဝါဒများအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးရာတွင်လည်း တစ်ဖက်၏စိုးရိမ်ပူပန်မှုကို ပြေပျောက်စေနိုင်သည့် ပျော့ပျောင်းသော၊ ရင်းနှီးချစ်ခင်သော၊ စိတ်ရှည်သောပုံစံများဖြင့် အပြန်အလှန် အထပ်ထပ်ဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါသည်။ ဤဆွေးနွေးပွဲများတွင် တက်ရောက်လာကြသော အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည်လည်း တန်းတူရည်တူ၊ တူညီသောအခွင့်အရေးကို အသုံးပြု၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဤသို့သော ဆွေးနွေးပွဲများမှာ ယခင်ခေတ်အခါများက မတွေ့ဖူးခဲ့ကြသည့်၊ ကျင့်သုံးခွင့်မရခဲ့ကြသည့် ပုံစံများပင်ဖြစ်ပါသည်။

အကြောင်းကြောင်းကြောင့် အဖွဲ့အစည်းအစုံအလင် မပါဝင်နိုင်သေးသော်လည်း ဤညီလာခံမှ မူဝါဒသဘောတူညီချက်(၃၇)ချက်ကို ချမှတ်နိုင်ခြင်းမှာ ကြီးမားသော အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။ ဤသို့သဘောတူညီချက်များ ချမှတ်နိုင်ခြင်းအားဖြင့် အပျက်သဘောရှုမြင်ဝေဖန်မှုများ ရပ်တန့်သွားစေပြီး အနာဂတ်ကာလတွင် ခြောက်လတစ်ကြိမ်ကျင်းပရန်ရှိသော ညီလာခံများအတွက်လည်း အားတက်ဖွယ်ခြေလှမ်းတစ်ရပ်ဖြစ်လာစေပါသည်။ ယခုချမှတ်သော မူဝါဒများမှာ တိုင်းရင်းသားပြည်သူအများစု၏ သဘောထားကိုထင်ဟပ်နိုင်သော အချက်များဖြစ်ပေရာ၊ အကြောင်းကြောင်းကြောင့် မပါဝင်နိုင်သေးသော အဖွဲ့အစည်းများအတွက်လည်း သဘောတူနိုင်မည့် အချက်များဟု ဆိုနိုင်ပါသည်။

ယခုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများကို ခြောက်လတစ်ကြိမ် ဆက်လက်ကျင်းပသွားရန်ရှိရာ၊ ဤကဲ့သို့သော သဘောတူညီမှုစာချုပ်များကို တစ်ခုပြီးတစ်ခု ဆက်လက်ချုပ်ဆိုသွားနိုင်မည်ဖြစ်သည်။ ထိုပြည်ထောင်စုသဘောတူညီမှုစာချုပ်များသည် နောက်ဆုံးတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အခြေခံမူတစ်စုံပေါ်ထွက်လာစေမည်ဖြစ်ပါသည်။ ထိုအခြေခံမူသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှလာသော သဘောထားများပင်ဖြစ်ရာ တိုင်းရင်းသားများအပါအဝင် ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်သော အခြေခံမူများဟု ယူဆနိုင်ပြီး ထိုမူများအရ တည်ဆောက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည်လည်း အများလက်ခံသည့် ရေရှည်တည်တံ့မည့် နိုင်ငံတော်ကြီးတစ်ရပ်ဖြစ်မည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၂၉**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း (၅၊ ၆၊ ၇၊ ၈)ရက် (၂၀၁၇ခုနှစ် ဇွန် ၂၈၊ ၂၉၊ ၃၀ နှင့် ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်) ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း (၉၊ ၁၀)ရက် (၂၀၁၇ခုနှစ် ဇူလိုင်လ ၂၊ ၃)ရက် ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၄ ရက်၊ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက် အင်္ဂါနေ့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်(စာချ/စာသင်) စိန်ရတုသဘင်အခမ်းအနား အလှူငွေများ လှူဒါန်းနိုင်ကြောင်း နှိုးဆော်

နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၊ စာချ/ စာသင် (၇၅)နှစ်ပြည့် စိန်ရတုသဘင်၊ သံဃာ ၁၀၀၀ ကျော် ပူဇော်ပွဲကြီးကို ၁၃၇၉ ခု၊ ဝါဆိုလဆန်း ၈ ရက်မှ ၉ ရက်အထိ (ဇူလိုင် ၁ ရက်မှ ၂ ရက်အထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရပ်နီးရပ်ဝေးတပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ပါဝင် ပူဇော်ကြရန် နှိုးဆော်ထားသည်။

ပင့်သံဃာတစ်ပါးလျှင် တန်ဖိုးတစ်သိန်းရှိ နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ဆက်သွယ်လှူဒါန်းလိုပါက-

| | | |
|---|---|---|
| (က) | ဆရာတော် ဘဒ္ဒန္တကဝိသာရ | ဖုန်း - ၀၆၇-၂၂၂၂၄၊ ၂၂၈၉၀၊ ၀၉-၄၂၀၇၇၈၂၈၉ |
| (ခ) | ဦးလှမြင့်(စိန်ဒေါင်း) | ဖုန်း - ၀၉-၂၅၀၀၉၄၇၅၇ |
| (ဂ) | ဦးမြင့်စိုး | ဖုန်း - ၀၉-၅၀၃၂၁၂၉ |
| (ဃ) | ဦးနေလင်းထိုက်(လင်းကွန်ပျူတာ) | ဖုန်း - ၀၉-၅၅၈၈၄၄၄ |

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဒစ်ဂျစ်တယ်မီဒီယာ အကောင်အထည်ဖော်ရေး အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား နယ်သာလန်နိုင်ငံ Free Press Unlimited မှ မူဝါဒရေးရာညွှန်ကြားရေးမှူး Mr. Leon Willems နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ Community Radio အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစီမံကိန်းများ၊ ဒစ်ဂျစ်တယ်မီဒီယာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစီအမံများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးကြီးနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၉-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၅ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၆ . ၇၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၉ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ . ၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*

ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညီလာခံတွင် ဦးဆောင်သဘာပတိအဖြစ် ဖြားတန်ခွန်ဥက္ကာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ခွန်သိန်းဖေနှင့် ဦးညဏ်ဝင်းတို့က ဆောင်ရွက်ကြသည်။

**တိုးတက်မှုဖြစ်စဉ်တစ်ရပ်**

သဘာပတိ ဖြားတန်ခွန်ဥက္ကာက အဖွင့်အမှာစကားပြောကြားရာတွင် ယခုညီလာခံကြီးက စုစည်းရရှိထားသည့်ကဏ္ဍအလိုက် သဘောတူဆုံးဖြတ်ချက်မူဝါဒများကို ဖတ်ကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ထောက်ခံခြင်းများကို ပြုလုပ်သွားရန်ဖြစ်ပါကြောင်း၊ ယင်းသည် NCA ၏ အခန်း(၅)ပါ ပြဋ္ဌာန်းချက် ပုဒ်မ -၂၀ အရ နိုင်ငံရေးလမ်းပြမြေပုံ၏ အဆင့် (၄) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ နောက်တစ်ဆင့်၊ အဆင့်(၅) ပြည်ထောင်စုစာချုပ် (Pyi-Daungsu Accord) ချုပ်ဆိုခြင်းဆိုသည့်လမ်းပြမြေပုံ အဆင့်တစ်ဆင့်ကို ထပ်မံတက်လှမ်းလိုက်ခြင်းပင် ဖြစ်ပါကြောင်း၊ PyiDaungSu Accord အသက်ဝင်စေခြင်းလည်း ဖြစ်ပါကြောင်း၊ NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့ကိုခြေတစ်လှမ်းတိုးလာသည့် တိုးတက်မှုဖြစ်စဉ်တစ်ရပ်ဟုလည်း ပြောနိုင်ပါကြောင်း။

**မပြောင်းလဲဘဲရပ်တည်**

NCA ပြင်ပမှနေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လက်တွေ့အကောင်အထည်ဖော်ရာ တွင် မပြည့်စုံဘဲ အားနည်းသည်စသဖြင့် ဝေဖန်နေကြသော်လည်း ညီလာခံ၏ အောင်မြင်မှုအရှိန်အဟုန်ကို ဟန့်တားနိုင်ကြမည် မဟုတ်ပါကြောင်း၊ ညီလာခံ၏ အောင်မြင်မှုအရှိန်အဟုန်ဟုပြောလျှင် ပါဝင်သူအားလုံးကို ချီးကျူးဂုဏ်ပြုရန် လိုအပ်ပါကြောင်း၊ အထူးပြုရမည့်အစုအဖွဲ့မှာ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့ပင်ဖြစ်ပါကြောင်း၊ တပ်မတော်၏ ပြောင်းလဲလာသည့် မူဝါဒနှင့် စိတ်နေသဘောထားများ၊ ငြိမ်းချမ်းရေးအပေါ် လေးလေးနက်နက်ရယူလိုသည့် သဘောထားများကြောင့်ပင် ယခုကဲ့သို့ ညီလာခံရလဒ်ကောင်းများ ထွက်ပေါ်လာသည်ကို အကြိတ်အနယ်၊ အကျေအလည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးခဲ့ရသည့် မိမိ၏အတွေ့အကြုံအရ ရဲရဲပြောရဲပါကြောင်း၊ တပ်မတော်အစုအဖွဲ့အနေဖြင့် နောက်ထပ်ဆက်လက်ပြီး ခိုင်မာတည်တံ့သည့် ငြိမ်းချမ်းရေးနှင့် အတူတကွ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်သည့်အချိန်အထိ သဘောထား မပြောင်းလဲဘဲ တစိုက်မတ်မတ်ရပ်တည်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အခမ်းအနားတွင် အချို့ EAO များ မပါဝင်ကြပါကြောင်း၊ ပြည်ထောင်စုထဲတွင် အတူတကွနေထိုင်ကြရန် သန္နိဋ္ဌာန်ပြုထားကြသည့် တိုင်းရင်းသားညီအစ်ကို အားလုံးသည် ယခုညီလာခံတွင်သာမက ညီလာခံအဆက်ဆက်တွင် အမြဲတစေ အတူတကွ ပါဝင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့မဟုတ်ပါက မိမိတို့ နောက်ထပ်အများကြီးအလုပ်လုပ်ဖို့ ကြိုးစားရန် လိုအပ်နေသေးသည်ကို ညွှန်းဆိုနေပါကြောင်း ပြောကြားသည်။

**မူဝါဒအဆိုပြုချက်တင်သွင်း**

ထို့နောက် ကဏ္ဍအလိုက် မူဝါဒသဘောတူညီချက်များကို တင်သွင်းကြရာ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဦးခင်ဇော်ဦးက နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒ အဆိုပြုချက်များကို လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ဒေါ်စောမြရာဇာလင်းက စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက်များကို လည်းကောင်း၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် ဦးနိုင်ငံလင်းက လူမှုရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက်များကိုလည်းကောင်း၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးအောင်စိုးက မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက်များကို လည်းကောင်း တင်သွင်းကြသည်။

ထို့နောက် အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဦးနိုင်ဆွေဦး၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ခင်သိန်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ပဒိုမန်းငြိမ်းမောင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် ဦးသိန်းထွန်းတို့က ကဏ္ဍအလိုက်တင်သွင်းသည့် အချက် ၃၇ ချက်ကို ထောက်ခံဆွေးနွေးကြသည်။

**အဆိုပြုချက်အားလုံးအတည်ပြု**

ယင်းနောက် သဘာပတိ ဖြားတန်ခွန်ဥက္ကာက ကဏ္ဍအလိုက် တင်ပြလာသော မူဝါဒအဆိုပြုချက်များဖြစ်သည့် နိုင်ငံရေးကဏ္ဍမူဝါဒ အဆိုပြုချက် ၁၂ ချက်၊ စီးပွားရေး ကဏ္ဍမူဝါဒအဆိုပြုချက် ၁၁ ချက်၊ လူမှုရေးကဏ္ဍမူဝါဒ အဆိုပြုချက် ၄ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒအဆိုပြုချက် ၁၀ ချက် စုစုပေါင်း ၃၇ ချက်အပေါ် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်သားအစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ထောက်ခံကြောင်း

*စာမျက်နှာ ၅ သို့*




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)တွင် ကျေးဇူးတင်စကားပြောကြားစဉ်** (သတင်းစဉ်)




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် သဘာပတိ ဖြားတန်ခွန်ဥက္ကာ အဖွင့်အမှာစကားပြောကြားစဉ်** (သတင်းစဉ်)




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးကြစဉ်** (သတင်းစဉ်)

# လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး လမ်းကြီးအပေါ်လျှောက်လှမ်းလိုက်တဲ့ အရေးကြီးတဲ့ခြေလှမ်းကြီးဖြစ်

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကား

လေးစားအပ်ပါသော အလှည့်ကျ သဘာပတိကြီးနှင့်တကွ သဘာပတိ အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများ၊ အကျိုးဆောင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနဲ့ လေ့လာသူများရှင့်-

အခုဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ရဲ့သဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ်(Union Accord)ရဲ့ အစိတ်အပိုင်းအဖြစ် ညီလာခံတက်ရောက်လာကြတဲ့ အစုအဖွဲ့အသီးသီးရဲ့ခေါင်းဆောင်တွေက လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်း ဆွေးနွေးညှိနှိုင်းမှုတွေ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြပြီးတဲ့နောက် နောက်ဆုံး ဒီညီလာခံကြီးမှာ သဘောတူညီချက်တွေ လက်မှတ်ရေးထိုးတဲ့အဆင့်ကို စတင်ရောက်ရှိခဲ့ပါပြီ။

ပထမဆုံးအနေနဲ့ ပြောချင်တာကတော့၊ **ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး လမ်းကြီးအပေါ် လျှောက်လှမ်းလိုက်တဲ့ အရေးကြီးတဲ့ ခြေလှမ်းကြီး**ဖြစ်ပါတယ်။ ဒီခြေလှမ်းလှမ်းနိုင်ဖို့ သဘောတူညီချက်တွေကို လွယ်လွယ်ကူကူရရှိခဲ့တာတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ စိတ်ခါတ်ကျစရာတွေ၊ စိတ်တက်ကြွစရာတွေ ကျော်ဖြတ်ပြီးမှ အခုလိုရရှိလာခဲ့တာ ဖြစ်ပါတယ်။

သဘောထားကွဲလွဲမှုတွေ၊ ရှုမြင်ချက်ကွာခြားမှုတွေ အမျိုးမျိုးရှိခဲ့ကြပေမယ့်လည်း ဘုံတူညီတဲ့သဘောထားအမြင်တွေ ဖြစ်လာအောင် ဆွေးနွေးငြင်းခုံ ညှိနှိုင်းနိုင်ခဲ့ကြတာဟာ အင်မတန်မှ အားတက်ဖွယ်ရာ ကောင်းလှပါတယ်။ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်တွေအတွက် အရေးကြီးလှတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံအုတ်မြစ်တည်ဆောက်တဲ့ လုပ်ငန်းစဉ်ကို စတင်နိုင်ခဲ့တာ ဖြစ်တဲ့အတွက်လည်း ဂုဏ်ယူဖွယ်ရာ ကောင်းလှပါတယ်။ တိုင်းရင်းသားပြည်သူတွေ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့ ငြိမ်းချမ်းရေးအိပ်မက်ဟာ ပထမဦးဆုံးအနေနဲ့ ကောက်ကြောင်းတွေ စတင်ရေးဆွဲနိုင်ခဲ့ပါပြီလို့ ပြောနိုင်ပါတယ်။

ဒုတိယအနေနဲ့ ပြောလိုတာကတော့ ကျွန်မတို့ဟာ**"မတူကွဲပြားမှုတွေကြားကနေ စည်းလုံးညီညွတ်မှု ဘယ်လိုရယူနိုင်မလဲဆိုတာကိုစပြီး သင်ယူနိုင်ခဲ့ကြပါတယ်။"** တာတိုခရီးတွေမှာ ခွန်အားကြီးသူတွေက သာလွန်တတ်ကြပေမယ့် တာဝေးခရီးတွေမှာ စိတ်ခါတ်ခိုင်မာသူတွေက အဓိကအောင်ပွဲဆင်လေ့ရှိကြပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရဦးမယ့် ငြိမ်းချမ်းရေးခရီးရှည်ကြီးမှာ ကျွန်မတို့အားလုံးအတွက် ဒီစိတ်ခါတ်ဟာ ခွန်အားဖြစ်လာပါလိမ့်မယ်။ ဒီညီလာခံကြီးမှ ကျွန်မတို့ရခဲ့တဲ့ အတွေ့အကြုံတွေက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ရှိနေကြတဲ့ သံသယစိတ်တွေကို ဖယ်ရှားပေးနိုင်မယ့် စုစည်းညီညွတ်မှုရရှိရေးဘက်ကို ပို့ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်မတို့အားလုံးမှာ အတိတ်ရဲ့ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီကိုယ်စီရှိကြပါတယ်။ ဒါပေမယ့် ဒီကနေ့မှာတော့ ကျွန်မတို့အားလုံးဟာ ဒီဒဏ်ရာဒဏ်ချက်တွေကို နောင်လာမယ့် မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းလိုခြင်းမရှိတော့ဘဲ ကုစားနိုင်မယ့်နည်းလမ်းကို ရှာဖွေမှုစတင်ခဲ့ပါပြီ။ ကွဲလွဲမှုတွေအကြားက တူညီမှုတွေ ရှာဖွေနိုင်ဖို့ဆိုတာ အမှန်တကယ်မှာတော့ မလွယ်ကူလှပါဘူး။ ကျွန်မတို့နိုင်ငံလို လက်နက်ကိုင်ပဋိပက္ခတွေ နှစ်ပေါင်း(၇၀)နီးပါး ကြာရှည်ခဲ့ပြီဖြစ်တဲ့ နိုင်ငံမှာ ပိုမိုပြီးခက်ခဲနေခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ မတူကွဲပြားမှုတွေအကြားမှာ ဘုံတူညီမှုတွေ ရှိနေတတ်တယ်ဆိုတာ သေချာသွားခဲ့ပြီဖြစ်သလို ဘုံတူညီမှုတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ညှိနှိုင်းဆွေးနွေးရှာဖွေနိုင်တယ်ဆိုတာကို လက်တွေ့မှတ်ကျောက်တင်နိုင်ခဲ့ပါပြီ။ ပြည်တွင်းစစ်ရဲ့ဒဏ်ရာဒဏ်ချက်တွေကို မှန်ကန်တဲ့စိတ်ခါတ်နဲ့ ကုစားပေးနိုင်တယ်ဆိုတာ စိတ်ကူးယဉ်တာ မဟုတ်ဘူးဆိုတာကို ဒီကနေ့ ညီလာခံကိုယ်စားလှယ်ကြီးတွေက လမ်းပြပေးနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

တတိယအနေနဲ့ **"ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော်အနာဂတ်ကို အာရုံပြုလို့ သွက်သွက်လက်လက် ဆက်လက်လျှောက်လှမ်းကြဖို့"** တိုက်တွန်းချင်ပါတယ်။ ပြည်ထောင်စုသဘောတူညီချက်ရဲ့အစိတ်အပိုင်းလို့ ဆိုရမယ့် သဘောတူညီချက်တွေကို ဒီကနေ့လက်မှတ်ရေးထိုးနိုင်တဲ့ ဖြစ်စဉ်ကို စဉ်းစားလိုက်ရင် အတွေးတွေ ဆက်ပြီးတော့ပေါ်လာပါတယ်။ ဒီပြည်တွင်းစစ်ကို ကျွန်မတို့ စတင်ခဲ့ကြတာ မဟုတ်ပေမယ့်လည်း အဆုံးသတ်နိုင်အောင် ကြိုးစားနေကြတာ ဘယ်သူတွေအတွက်လဲ။ ပြည်တွင်းစစ်မှာ အတိဒုက္ခရောက်နေကြရတဲ့၊ ကိုယ်ရောစိတ်ပါ လုံခြုံအေးချမ်းစွာနေချင်တဲ့ ပြည်သူတွေအတွက်ပဲ ဖြစ်ပါတယ်၊ ကျွန်မတို့ ပြည်သူ ပြည်သားများရဲ့ စိတ်ချမ်းသာမှုအတွက် ရှေ့ကိုဆက်ပြီး လျှောက်လှမ်းကြရဦးမှာ ဖြစ်ပါတယ်။ အဃာတတွေ၊ နာကြည်းချက်တွေ၊ အနာတရတွေကိုပဲ အာရုံထားနေမယ်ဆိုရင် ခြေထောက်မှာ သံလုံးဆွဲပြီး လမ်းလျှောက်တဲ့သူလို ဖြစ်နေမှာပါ။ ကျွန်မတို့ရဲ့ခြေလှမ်းတွေကို နှေးကွေးလေးလံယိုင်နဲ့စေမယ့် အဲဒီအာဃာတတရားတွေကို စွန့်ပစ်နိုင်မှသာ ကျွန်မတို့အနေနဲ့ သွက်သွက်လက်လက် အားမာန်အပြည့်နဲ့ ရှေ့ကို လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ကျွန်မတို့ ဘယ်အထိလျှောက်ရဦးမလဲ မသိနိုင်သေးပါဘူး။ နေ့စဉ်နေ့တိုင်း စွန့်စားမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်မတို့တွေ ငြိမ်းချမ်းရေးရရှိဖို့ ဘယ်လိုစွန့်စားမှုမျိုးကိုမဆို ကြောက်ပြီး နောက်တွန့်နေလို့ မဖြစ်ပါဘူး။ ကမ္ဘာကြီးက ကျွန်မတို့နိုင်ငံကို စောင့်နေမှာ မဟုတ်ပါဘူး။ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုတွေက ကျွန်မတို့ ပြည်ထောင်စုရဲ့ မျိုးဆက်သစ်တွေကို စောင့်ဆိုင်းငဲ့ညှာနေမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ဒီကနေ့စိုက်ပျိုးသမျှ နောင်လာနောက်သားတွေ အသီးအပွင့် ခံစားကြရမှာ ဖြစ်ပါတယ်။ သူတို့တွေရဲ့လက်ထဲမှာ ကျွန်မတို့နိုင်ငံကို ပြည်တွင်းစစ်နဲ့ပဲ ထားခဲ့မှာလား စဉ်းစားကြဖို့လိုပါတယ်။ ကျွန်မတို့လက်ထက် စွန့်လွှတ်မှု၊ စွန့်စားမှုတွေနဲ့ ချလိုက်တဲ့အုတ်မြစ်ပေါ်မှာ နောင်လာမယ့် သား၊ သမီး၊ မြေး၊ မြစ်တွေက ခိုင်မာတင့်တယ်တဲ့ နိုင်ငံကြီးကို ဆက်လက်တည်ဆောက်၊ မွမ်းမံသွားကြနိုင်စေချင်ပါတယ်။ ဒီညီလာခံကြီးထဲကို မရောက်ရှိကြသေးတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကိုလည်း ကျွန်မတို့နဲ့အတူတစ်ကွ လက်တွဲပူးပေါင်းပြီး သမိုင်းတွင် ကျန်ရစ်ခဲ့မယ့် လုပ်ငန်းကြီးမှာ ပါဝင်ကြဖို့ အလေးအနက်ထားဖိတ်ခေါ်ပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးမှာ ကျွန်မတို့နဲ့အတူ ရပ်တည်ပေးခဲ့ကြတဲ့ ကျွန်မတို့ရဲ့ပြည်သူ ပြည်သားများ၊ ဘုံသဘောတူညီချက်တွေ ရရှိလာအောင် အပင်ပန်းခံပြီး ပါဝင်ပေးခဲ့ကြတဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖက် အစုအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ပံ့ပိုးကူညီခဲ့ကြသူအားလုံး၊ ကျွန်မတို့အပေါ် ယုံကြည်မှု၊ နားလည်မှုနဲ့ ထောက်ခံရပ်တည်ပေးခဲ့ကြတဲ့ မိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတည်ဆောက်ခြင်းဟာ အဆုံးမရှိတဲ့ လုပ်ငန်းစဉ်ပါ။ တစ်ဆင့်ပြီးမြောက်တာနဲ့ နောက်တစ်ဆင့်ကို စရပါတယ်။ ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကနေ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးရှာပုံတော်လမ်းကြောင်းပေါ်မှာ နောက်တစ်လှမ်း လှမ်းခဲ့ပါပြီ။ ဒီအစည်းအဝေးပြီးဆုံးခြင်းက ငြိမ်းချမ်းတဲ့ဖယ်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်တဲ့ နောက်ခြေတစ်လှမ်းရဲ့အစကို သတ်မှတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းတိုးတက်မှု ကျောရိုးကတော့ ပြည်သူတွေရဲ့တည်မြဲတဲ့သန္နိဋ္ဌာန်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်ထောင်စုရဲ့ သားသမီးအပေါင်းကို မေတ္တာရပ်ခံချင်တာကတော့ ငြိမ်းချမ်းရေးကို လိုလားတမ်းတကြောင်း စိုးစဉ်းမျှ သံသယမရှိနိုင်ရလောက်အောင် ပြသကြပါစို့။ ငြိမ်းချမ်းရေးအတွက် နှလုံးသားများကို ခိုင်မာစွာအပ်နှံကြပါစို့။ ကျွန်မတို့တွေဟာ ပြည်တွင်းမှာသာမက၊ နိုင်ငံနယ်နိမိတ်ပေါင်းများစွာဖြတ်ကျော်ပြီး ငြိမ်းချမ်းရေးရဲ့မိတ်ဆွေတွေဖြစ်တယ်၊ ငြိမ်းချမ်းရေးအတွက် မိတ်ဆွေဖွဲ့နိုင်တယ်ဆိုတာ ပြသကြပါစို့။ ကျွန်မတို့တွေဟာ ငြိမ်းချမ်းရေး ဖန်တီးရှင်တွေ ဖြစ်လာဖို့ သန္နိဋ္ဌာန်ချကြပါစို့လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bipin Rawat အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Dang Dinh Quy အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပျံသန်းပြေးဆွဲမှု တိုးမြှင့်ရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး **Bipin Rawat** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# ပြည်သူနှင့်အတူ

*စာမျက်နှာ ၃ မှ*

တင်ပြပြီးဖြစ်သဖြင့် ကဏ္ဍအလိုက် မူဝါဒအဆိုပြုချက်အားလုံးကို တစ်ပေါင်းတစ်စည်းတည်း အတည်ပြုကြောင်း ကြေညာသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးကြသည်။

**(သဘောတူညီချက် ၃၇ ချက်၊ အစုအဖွဲ့ကိုယ်စားလှယ်များ၏လက်မှတ်များ၊ အသိသက်သေများ၏ လက်မှတ်များကို စာမျက်နှာ ၆၊ ၇ တွင် ဖော်ပြထားပါသည်။)**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကျေးဇူးတင်စကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားသည်။)**

ယင်းနောက် သဘာပတိ ဖြားတန်ခွန်ဥက္ကာက ပြည်ထောင်စုငြိမ်းချမ်းရေးရန်ပုံငွေအတွက် မြန်မာ့စီးပွားရေးဘဏ်



တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ထောက်ခံဆွေးနွေးစဉ်



နိုင်ငံရေးကဏ္ဍဆိုင်ရာမူဝါဒ အဆိုပြုချက်များ တင်သွင်းစဉ်



နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ် ထောက်ခံဆွေးနွေးစဉ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ထောက်ခံဆွေးနွေးစဉ်

(နေပြည်တော်)၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဘဏ်စာရင်း စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၇ ခုနှစ် မေ ၁၉ ရက်အထိ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၄၅ ဘီလီယံကျော်ကို အလှူရှင် ၁၅၀ ကျော်တို့က ပါဝင်လှူဒါန်းခဲ့ကြောင်းနှင့် အနည်းဆုံးလှူဒါန်းငွေမှာ ငွေကျပ် ၃၀၀၀ ဖြစ်ပြီး အများဆုံးလှူဒါန်းငွေမှာ ကျပ် ၃ ဘီလီယံကျော်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**အနာဂတ်အတွက် အရေးပါ**

ယင်းနောက် သဘာပတိအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ်ညီလာခံကြီးမှ ရရှိခဲ့သည့် သဘောတူညီချက်များကို ကြည့်ပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံရမည့်မူများကို စတင်ဆွေးနွေးနိုင်ခဲ့ပြီး အချို့အချက်များကို သဘောတူနိုင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအချက်များသည် အနာဂတ်အတွက် အရေးပါသည့် ခြေလှမ်းများဖြစ်ပါကြောင်း။

ဖက်ဒရယ်စနစ်ဆိုင်ရာ သဘောတူညီချက်အားလုံးကို ယခုအစည်းအဝေးတွင် တစ်ထိုင်တည်း မရနိုင်ခဲ့သော်လည်း အရေးကြီးသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာခွဲဝေရေးမူကို မိမိတို့သဘောတူညီနိုင်ခဲ့ကြပါကြောင်း၊ ယခုအဆင့်အထိ လွယ်လွယ်နှင့် ရောက်လာခဲ့ကြခြင်းမဟုတ်ပါကြောင်း၊ မိမိတို့တိုင်းပြည်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားတွင် အယူအဆများမတူသည့်အပေါ် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ခဲ့ကြပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြာရှည်လာသည့်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် မယုံကြည်မှုများ ပိုမိုတိုးပွားလာပါကြောင်း၊ မယုံကြည်မှုများကြောင့် ဖက်ဒရယ်ဆိုသည့် အသုံးအနှုန်းကို ပြောရန်ပင် အခက်အခဲရှိခဲ့ကြပါကြောင်း။

**ယုံကြည်မှုတည်ဆောက်နိုင်**

ဖက်ဒရယ်ဆိုသည့် စကားလုံးကို ပြောဆိုရန်ခက်နေသည့် အခြေအနေမှ ယခု ညီလာခံကြီးတွင် ဒီမိုကရေစီ ဖက်ဒရယ်စနစ်ကို ဦးတည်သွားရန် အခြေခံမူများကို ဆွေးနွေးနိုင်ခဲ့ပြီး အချို့အချက်များကို သဘောတူနိုင်သည့် အခြေအနေအထိ ရောက်ခဲ့သည်ဆိုသည်မှာ မိမိတို့နိုင်ငံငြိမ်းချမ်းရေးအတွက် ကြီးမားသည့် တိုးတက်မှုတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အတိုင်းအတာတစ်ခုအထိ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်ဆိုသည့် ပြယုဂ်တစ်ခု ဖြစ်ပါကြောင်း။

ယနေ့မိမိတို့ရောက်ရှိနေသည့် နိုင်ငံရေးအခင်းအကျင်းသည် မြန်မာပြည်တွင် တစ်ခါမျှ မရှိခဲ့ဖူးသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ပင် ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုကို အခြေခံသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်ကြောင်း၊ (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကြီးတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် နိုင်ငံရေးပဋိပက္ခများကို ဆွေးနွေးအဖြေရှာသကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲကော်မတီတွင် မြေပြင်၌ ဖြစ်နေသည့် အောက်ခြေပြဿနာများကို အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနေကြခြင်း ဖြစ်ပါကြောင်း၊ ယခု အခင်းအကျင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းသစ်ဖြစ်ပါကြောင်း။

**တံခါးဖွင့်ကြိုဆို**

တစ်ချိန်တည်းတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အပြင်ဘက်ရောက်နေသည့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါနိုင်အောင် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အားလုံးပါဝင်ရေးကို ကြိုးပမ်းနေစဉ်မှာပင် ပါဝင်ပြီးသူများနှင့် ရှေ့ကိုခရီးဆက်နိုင်ရန်ကိုလည်း ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်သည် လက်နက်ကိုင်အဖွဲ့အစည်းများ စွာရှိသည့် နိုင်ငံတိုင်းတွင် ကြုံတွေ့ကြရသည့် စိန်ခေါ်မှု ဖြစ်ပါကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ကျန်ရှိနေသည့် အဖွဲ့အစည်းများကိုလည်း အမြဲတမ်းတံခါးဖွင့်ကြိုဆိုနေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစိုးရ၊ လွှတ်တော်နှင့် ပါတီတို့၏ သုံးပွင့်ဆိုင်တွေ့ဆုံပွဲ ပထမအကြိမ်ပြုလုပ်

**ရန်ကုန် မေ ၂၉**

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစိုးရ၊ လွှတ်တော်နှင့် ပါတီတို့၏ သုံးပွင့်ဆိုင် (ပထမအကြိမ်) တွေ့ဆုံပွဲကို မေ ၂၈ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)၌ ပြုလုပ်သည်။ **(ဓာတ်ပုံ)**



အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က အမှာစကားပြောကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးဆိုတာ မြန်မာပြည်တစ်ပြည်လုံးရဲ့ စီးပွားရေးအရ အဓိက အချက်အချာကျတာ ဖြစ်သလို နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း အမြဲတမ်း အကဲခတ်နေတာဖြစ်တော့ ရန်ကုန်တိုင်းဒေသကြီးရဲ့ အစိုးရ လုပ်ဆောင်မှုတွေ၊ လွှတ်တော်ရဲ့ လုပ်ဆောင်မှုတွေကို အမြဲတမ်းသတိထားပြီးတော့ လုပ်ဆောင်ဖို့ လိုပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ အစိုးရရယ်၊ လွှတ်တော်ရယ်၊ ပါတီရယ် လက်တွဲပြီးတော့ နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသား အကျိုးအတွက် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်နိုင်အောင် တွေ့ဆုံရခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဌေးက အမှာစကားပြောကြားရာတွင် ပါတီ၊ လွှတ်တော်၊ အစိုးရအဖွဲ့အနေဖြင့် လက်ရှိတစ်နှစ်တာ ကာလတွင် ဟန်ချက်မညီမှုများရှိခဲ့ကြောင်း၊ ဒါ့ကြောင့် လွှတ်တော်တွင် အချင်းချင်းမူဝါဒကွဲပြားမှုများ၊ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြီးခဲ့သည်များကို သင်ခန်းစာယူပြီး ဟန်ချက်ညီအောင် မည်သို့လုပ်မည်ဆိုသည့် လုပ်ငန်းစဉ်များကို စဉ်းစားပြီး ပြည်သူလူထုနှင့် တိုင်းပြည်အတွက် ကောင်းအောင် ဆွေးနွေးညှိနှိုင်းစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်ဥက္ကဋ္ဌများ တက်ရောက်ဆွေးနွေးကြသည်။

ထိုကဲ့သို့ သုံးပွင့်ဆိုင်တွေ့ဆုံပွဲကို ၄၅ ရက်တစ်ကြိမ် ပြုလုပ်သွားရန် စီစဉ်ထားပြီး ဆွေးနွေးမှုများမှတစ်ဆင့် အစိုးရ၊ လွှတ်တော်နှင့် ပါတီတို့အကြား ဟန်ချက်ညီညီဆောင်ရွက်သွားနိုင်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

**✻ *ကျောဖုံးမှ***

ကျေးရွာသစ်အိမ်ခြေ ၁၀၀ မှာ အရင်ကျောက်ပန္နှူရွာဟောင်းက မိသားစု အိမ်ထောင်ခွဲတွေနဲ့ တခြားမြို့နယ်က ဆန္ဒပြုထားတဲ့ မိသားစုတွေကို နေရာချထားပေးသွားမှာပါ။ အားလုံး နိုင်ငံတော်က အကုန်အကျခံတည်ဆောက်ပေးတာဖြစ်ပါတယ်။ မိသားစုဝင်တွေအနေနဲ့ ဘာမှပေးဆောင်စရာမလိုပါဘူး"ဟုနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါ တန်ဖိုးနည်းနေအိမ် အလုံး၁၀၀ ပါဝင်သော ကျောက်ပန္နှူကျေးရွာသစ်ကို ပြီးခဲ့သောမတ်လပိုင်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသရန်ပုံငွေ ကျပ်သန်းပေါင်း ၆၅၀ ဖြင့် လျာထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျေးရွာသစ်တွင် အလယ်တန်းကျောင်း မြေနေရာ၊ ဈေးမြေနေရာ၊ အသေးစားစက်ရုံမြေနေရာ၊ ဘုန်းကြီးကျောင်းမြေနေရာ၊ ရဲစခန်းမြေနေရာ၊ ရေကန်မြေနေရာ၊ အုပ်ချုပ်ရေးမှူးရုံးမြေနေရာ၊ ကျန်းမာရေးဌာနခွဲမြေနေရာ၊ အားကစားကွင်းမြေနေရာစသည်ဖြင့် ကျေးလက်ဒေသတစ်ခုတွင် ရှိသင့်ရှိထိုက်သော ကဏ္ဍများ ပါဝင်ထည့်သွင်းထားပြီး မောင်တောမြို့ တောင်ပိုင်း မောင်တော-အငူမော် ကားလမ်းဘေးတွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ကို တာဝန်ယူတည်ဆောက်ပေးနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံး(စစ်တွေ) မှ တာဝန်ခံအင်ဂျင်နီယာ ဦးဘိုသန်းဌေး (လက်ထောက်အင်ဂျင်နီယာ၊ မြို့ပြ)က "လတ်တလောတော့ ရာခိုင်နှုန်း ၄၀ လောက်ပြီးပြီလို့ ပြောလို့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ဒေသအခြေအနေနဲ့ တခြားအကြောင်းအရာလေးတွေကြောင့် အလုပ်သမားခေါ်ယူမှုအပိုင်းကအစ အခက်အခဲနည်းနည်းတော့ ရှိပါတယ်။ စီမံကိန်းကာလအနေနဲ့ အတိအကျ ဘယ်အချိန်ပြီးမယ် ပြောလို့မရပေမယ့် အမြန်ဆုံးတော့ ကျွန်တော်တို့ ကြိုးစားပြီးလုပ်ဆောင်နေပါတယ်။ ဒါကြောင့် ဒီနှစ်အတွင်းတော့ ဒီတန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ မှာ ဒေသခံတွေကို အမြန်ဆုံးနေရာချထားပေးနိုင်မှာပါ"ဟု ပြောသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စတင်အကောင်ထည်ဖော်နေသော ကျောက်ပန္နှူကျေးရွာသစ်သည် အကျယ်အဝန်းအားဖြင့် ၂၁ ဧကကျယ်ဝန်းပြီး ယခုအခါ နေ့စဉ်ပြည်တွင်းအင်ဂျင်နီယာများအပါအဝင် အလုပ်သမားစုစုပေါင်း ၆၀ ဝန်းကျင်ဖြင့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ လတ်တလော ရာခိုင်နှုန်း ၄၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အိမ်အမျိုးအစားမှာ Precast အမျိုးအစားဖြစ်ပြီး ပေ (၆၀ × ၄၀) ကျယ်ဝန်းကာ အမိုးမှာသွပ်မိုးဖြစ်သည်။ အိမ်တစ်လုံးချင်း တန်ဖိုးမှာ ငွေကျပ် ၆၅ သိန်းကုန်ကျမည်ဖြစ်ပြီး ဒေသတွင်းတိုင်းရင်းသား လူမျိုးများနေထိုင်နိုင်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်လျက်ရှိပြီး အလုပ်အကိုင်အတွက် မိသားစုအလိုက် လယ်မြေများကိုလည်း ခွဲဝေပေးနိုင်ရန် ခရိုင်အုပ်ချုပ်ရေးရုံးမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မောင်တောခရိုင်အတွင်း ယခုကဲ့သို့ အလားတူ တန်ဖိုးနည်းနေအိမ် ကျေးရွာသစ်များကို ထပ်မံတိုးချဲ့တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုး

နေပြည်တော်  မေ  ၂၉

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးကြသည်။

သဘောတူညီချက် ၃၇ ချက်၊ အစုအဖွဲ့ခေါင်းဆောင်များ၏ လက်မှတ်များ၊ အသိသက်သေများ၏ လက်မှတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

## ပြည်ထောင်စုသဘောတူစာချုပ်

## အစိတ်အပိုင်း(၁)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၇ ခုနှစ် မေလ (၂၄) မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က အဆိုပြု တင်သွင်းလာသော မူဝါဒ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ-

(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊

(ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက်၊ စုစုပေါင်း (၃၇) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

### ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း ------------------------------
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးထွန်းထွန်းဟိန် ------------------------------
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း ------------------------------
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ပဒိုစောကွယ်ထူးဝင်း ------------------------------
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ ------------------------------
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

### ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၃)

## အသိသက်သေများ

(ဦးထုံဖူးဒုဂက်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(သိက္ခာတော်ရဆရာတော်တလွန်ကျဲအို)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ခွန်သန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(မိုင်းထွန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(က)

### နိုင်ငံရေးကဏ္ဍမူဝါဒ သဘောတူညီချက်

### (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

**ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ**

၁။ **အချုပ်အခြာအာဏာ။** နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စု တစ်ဝန်းလုံး၌တည်သည်။

၂။ **အချုပ်အခြာအာဏာကျင့်သုံးမှု။** နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။

၃။ **တန်းတူရေး။** တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့် ရှိရမည်။

၄။ **ဖက်ဒရယ်ပြည်ထောင်စုမှု (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)**

(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

**မှတ်ချက်။** တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာတန်းတူရှိရမည်။ အမည်နာမ သတ်မှတ်ချက်နှင့်ပတ်သက်၍ နောင်တွင် ဆက်လက် ဆွေးနွေးမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသား လူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ခွာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။

( င ) တိုင်းဒေသကြီး/ပြည်နယ်များကိုဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတည်းဟူသော အာဏာ(၃)ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေး အာဏာကိုကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။

( စ ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။

(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြား လွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ထားရှိရမည်။

၅။ **ပါတီစုံဒီမိုကရေစီစနစ်**

(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

( ခ ) လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

နောက်ဆက်တွဲ(ခ)

**စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက်**

**(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)**

**ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာအခြေခံမူများ**

၁။ **ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး**

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

**မှတ်ချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့်ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန် ဖြစ်သည်။

( ခ ) အဆိုပါမူဝါဒနှင့် ဥပဒေနည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွား ဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development)တို့ကို ဦးတည်ဆောင်ရွက်ရန်။

( ဂ ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့တစ်ခုက ဖြစ်စေ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ကာလလတ်၊ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

**ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံမူများ**

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရကချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့်ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ရန်။

နောက်ဆက်တွဲ(ဂ)

**လူမှုရေးကဏ္ဍမူဝါဒ သဘောတူညီချက်**

**(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)**

၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစား လိုက်နာပြီး ရေရှည် ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။

၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှု မရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။

နောက်ဆက်တွဲ(ဃ)

**မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ သဘောတူညီချက်**

**(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)**

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်း စဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့်ရှင်းလင်းသည့်မူဝါဒများဖြစ်စေရန်။

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

**ပိုင်ဆိုင်ခွင့်**

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။

**စီမံခန့်ခွဲခွင့်**

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။

၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေးဆောင်ရွက်စေရန်။

**အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ**

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။

# ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းနယ်မြေတို့တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေး

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်နိုင်ရန် တင်ပြတောင်းခံသွားမည်ဖြစ်

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပပြီး မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခုနှင့် အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၏ **ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ပိုင်းနှင့် တောင်ပိုင်းနယ်မြေတို့တွင် 5MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းနယ်မြေတို့တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးနိုင်ရေး ပထမပိုင်းလုပ်ငန်းအဆင့် လိုအပ်သော 66 KV ဓာတ်အားလိုင်း စုစုပေါင်း ၂၇ မိုင်နှင့် 5 MVA ဓာတ်အားခွဲရုံ နှစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် စုစုပေါင်း ငွေကျပ် ၃၂၂၆ ဒသမ ၀၉၇ သန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်နိုင်ရန် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေ ပြည့်စုံလုံလောက်စွာ ရရှိသောနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ကျောက်ပန်းတောင်းမြို့နယ် မြောက်ဘက်ခြမ်းရှိ ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် 11KV ဓာတ်အားလိုင်း မိုင် ၃၀ ခန့်၊ ၁၁/၀ ဒသမ ၄ KV ထရန်စဖော်မာ ၃၇ လုံးခန့်နှင့် တောင်ဘက်ခြမ်းရှိ ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် 11 KV ဓာတ်အာလိုင်း ၄၀ မိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ KV ထရန်စဖော်မာ ၆၅ လုံးခန့်အား ထပ်မံတည်ဆောက် ရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (NEP)တွင် ထည့်သွင်းလျာထားပေးခြင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေများထည့် သွင်းလျာထားပေးရန် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်



ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ **ဦးသန့်ဇင်ထွန်း၏ မီးလင်းရေးကော်မတီများ လိုက်နာရန်အချက်များ ဖြေလျှော့ပြောင်းလဲ သတ်မှတ်ခြင်း၊ လျှပ်စစ်နှင့်ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာနေအိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် တရားမဝင်ဆင့်ပွားမီးတပ်ဆင်အသုံးပြုခြင်း ပပျောက်ရေးတို့အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ခေတ်စနစ်နှင့်လိုက်လျောညီထွေသော သတ်မှတ်ချက်များဖြစ်စေရန် ၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက်တွင် မီးလင်းရေးကော်မတီများလိုက်နာရန်အချက် ၂၄ ချက်မှ ၁၂ ချက်သို့ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ပြင်ဆင်ဖြေလျှော့ပေးထားသော အချက် ၁၂ ချက်သည်လည်း ယခင်သတ်မှတ် ချက် ၂၄ ချက်ဖြင့် ကတိဝန်ခံချက် ရေးထိုးဆောင်ရွက်ခဲ့သော မီးလင်းရေးကော်မတီများနှင့် အကျုံးဝင်သက်ဆိုင်ပါသဖြင့် ဖြေလျှော့ပေးထားသည့် အချက် ၁၂ ချက်အတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဆင့်ပွားဓာတ်အားပေးနေမှုဖြစ်စဉ်များ စိစစ်တွေ့ရှိပါက ဓာတ်အားဖြတ်တောက်ခြင်း၊ ၎င်း၏တပ်ဆင်ဝန်အားအလိုက် ဒဏ်ငွေပေးဆောင်စေခြင်းနှင့် နောင်တွင် အလားတူဖြစ်စဉ်မျိုးထပ်မံဖြစ်ပေါ်လာပါက ချိုးဖောက်သူအား ရာသက်ပန် ဓာတ်အားဖြတ်တောက်မည်ဖြစ်ကြောင်း ဓာတ်အားသုံးသူအား ဝန်ခံကတိများရေးထိုးစေခြင်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံချက်များချမှတ်ကာ စိစစ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင် ဓာတ်အားသုံးစွဲမှုများကြောင့် တစ်နိုင်ငံလုံးတွင် ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီအထိ ၁၀ လအတွင်း အမှုပေါင်း ၆၀၉ မှုကို ဖော်ထုတ်အရေးယူခဲ့ပြီး ဒဏ်ကြေးငွေ စုစုပေါင်း ငွေကျပ် ၆၁၆ သန်းကျော် သတ်မှတ်ပေးဆောင်စေခဲ့ပါကြောင်း၊ တရားမဝင်ဆင့်ပွား မီးသုံးစွဲနေမှုများတွေ့ရှိကြောင်းတိုင်ကြားလာပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၏ **ခင်ဦးမြို့နယ် ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းတွင် ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းပြိုမှုဖြစ်ပေါ်ခဲ့သော နေရာများကို ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းတာရရှိသော အချက်အလက်များအပေါ် မူတည်၍ လိုအပ်သည့် ကမ်းပြိုကာကွယ်ရေးအစီအမံများ ရေးဆွဲတွက်ချက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုတို့ မေးမြန်းသည့် စက်သုံးဆီအရောင်းဆိုင်များ မြို့ပြင်သို့ ပြောင်းရွှေ့ပေးရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဦးကျော်မျိုးတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက **ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေသြဇာများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာထားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော “ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း” လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လွယ်ကူစွာရရှိရေး ဖြေလျှော့မှုများ ဥပဒေနှင့်အညီဆောင်ရွက်ပေးပြီးဖြစ်

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ပေါ်တွင် အဆင့်မီမြို့တော်ခန်းမတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အဆင့်မီမြို့တော်ခန်းမ ဆောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၃၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ တမူးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ တစ်နှစ်ဝင်ငွေမှာ ၂၈၃ ဒသမ ၂ သန်းသာရှိပြီး မြို့၏သန့်ရှင်းသာယာလှပရေး၊ လမ်းတံတားပြုပြင်ရေး လုပ်ငန်းများတွင် ပြန်လည်သုံးစွဲရပါကြောင်း၊ ခန်းမဆောက်လုပ်ခြင်းအတွက် စည်ပင် သာယာရေးဝင်ငွေဖြင့် ဆောက်လုပ်ပေးရန် မဖြစ်နိုင်သောကြောင့် ဒေသခံပြည်သူများပူးပေါင်း ဆောင်ရွက်နိုင်မှု ရှိ/မရှိ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့မိမြို့ဖများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ တွေ့ဆုံဆွေးနွေးရာတွင် ဒေသခံပြည်သူများမှ ခန်းမဆောက်လုပ်ခြင်းအတွက် ငွေကြေးထည့်ဝင်နိုင်ခြင်းမရှိပါသဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သန်းခေါင်စာရင်းမရှိသော တိုင်းရင်းသားစစ်စစ်နိုင်ငံသားများကို လက်ရှိ မြေပြင်အခြေအနေအတိုင်း နေထိုင်သည်မှာ မှန်ကန်ကြောင်း ကတ်ပြားနှင့် သန်းခေါင်စာရင်းစာရွက်တို့ကို တစ်နိုင်ငံလုံးရှိ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအတွက် ခြောက်လအတွင်း ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများတွင် ပြည်သူလူထု ဝန်ထုပ်ဝန်ပိုးလျော့ပါးစေပြီး လွယ်ကူမြန်ဆန်စေရန် ယခင်က အိမ်ထောင်စုလူဦးရေစာရင်း တစ်စောင် ဖြည့်စွက်နိုင်ရေးအတွက် လိုအပ်ချက်အထောက်အထား ၁၀ ချက်အစား ၅ ချက် ဖြေလျှော့၍လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင်လည်း ယခင်က တိုင်းရင်းသားများအား ခရိုင်ဦးစီးမှူးလက်မှတ်ရေးထိုးပေးခြင်းအစား မြို့နယ်ဦးစီးမှူးလက်မှတ်ရေးထိုးပေးခွင့်ပြုခြင်း၊ တိုင်းရင်းသားများအတွက် အထောက်အထားပြည့်စုံပါက အများဆုံး ၂၈ ရက်အတွင်း အပြီးဆောင်ရွက်ပေးခြင်း၊ အထောက်အထားပြည့်စုံပါက One Stop Service နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း၊ အထောက်အထားမပြည့်စုံသော်လည်း တိုင်းရင်းသားဖြစ်ကြောင်း မှန်ကန်ပါက မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ (၅ ဦးကော်မတီ) ထောက်ခံချက်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းများ ဖြင့်လည်းကောင်း ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားတွေ့ရစဉ်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ပြည်သူလူထုဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စရပ်များ မဆုံးရှုံးစေရေးနှင့် လွယ်ကူမြန်ဆန်စွာ ရရှိစေရေးအတွက် ဖြေလျှော့မှုများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း။

ထို့ပြင် အိမ်ထောင်စုလူဦးရေ စာရင်းမရှိသူများအား လက်ရှိ မြေပြင်အခြေအနေအတိုင်း နေထိုင်သည်မှာ မှန်ကန်ကြောင်း ကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးမည်ဆိုပါက မြို့နယ်နှစ်ခုတွင် လူဦးရေစာရင်း ထပ်ခြင်းဖြစ်ပေါ်ကာ လူဦးရေဖောင်းပွမှုဖြစ်ပေါ်ခြင်း၊ အချို့မှာ အကြောင်းအမျိုးမျိုးဖြင့် မူလနေထိုင်ရာဒေသ အပါအဝင် ကိုယ်ရေးအချက်အလက်များ မမှန်မကန်ဖော်ပြလျက် မူလကိုယ်ရေးအချက်အလက်များအား ဖုံးကွယ်မှုများရှိနိုင်ကာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် မလိုလားအပ်သည်များ ဖြစ်ပေါ်လာနိုင်သည့်အပြင် တစ်နိုင်ငံလုံးရှိ နိုင်ငံသား စိစစ်ရေးကတ်မရှိကြသူ နိုင်ငံသားများအတွက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားနှင့် သန်းခေါင်စာရင်းစာရွက်တို့ကို ခြောက်လအတွင်း ဆောင်ရွက်ပေးရန်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအရ မိမိတို့ဌာနတွင် အခက်အခဲများစွာရှိနေပါသဖြင့် ခြောက်လအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် မိမိဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား ပြည်သူ လူထုများ၏ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ လွယ်ကူလျင်မြန်စွာ ရရှိစေရေး၊ ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးထားပြီး စိစစ်မှု၊ လုပ်ငန်းဆောင်ရွက်မှုများ မကြန့်ကြာစေရေး တွန်းအားပေးကြပ်မတ်လုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးအောင်သိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးတို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ မေးခွန်းနှင့် ကလေးလုပ်သားဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေလ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုနှင့် တပ်မတော်၏ ရပ်တည်လုပ်ဆောင်မှုအခြေအနေများဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat အား လက်ခံတွေ့ဆုံစဉ်

**နေပြည်တော် မေ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**နိုင်ငံတည်ငြိမ်အေးချမ်းရေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုနှင့် တပ်မတော်၏ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ရပ်တည်လုပ်ဆောင်မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေးအတွက် အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းများ၊ တပ်မတော်အားကစားနှင့် ဆေးဘက်ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

နေပြည်တော် မေ ၂၉

**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှစ်ရပ်အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ လေ့ကျင့်ရေးသင်တန်းများ၊ နည်းပညာနှင့် သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်လုပ်ဆောင်ရေးကိစ္စရပ်များ၊ အားကစားနှင့် ယဉ်ကျေးမှုအဖွဲ့များအပါအဝင် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် လူသားချင်းစာနာ ထောက်ထားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ်အကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dang Dinh Quy တို့သည် (၇)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီဧည့်ခန်းမ၌ ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။



**ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု**

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများ တိုးမြှင့်ရေးတို့အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်စုံ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ်တွင် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

**တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မဟာသကျရံသီ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်း သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဘေးကင်းလုံခြုံစွာ ရပ်တန့်ထားရန် ညွှန်ကြားထားကြောင်း၊ ယနေ့တွင်လည်း မြစ်တွင်းပြေးဆွဲနေသည့် ဘူးသီးတောင်မြို့ ရသေ့တောင်မြို့နှင့် ပေါက်တော၊ မြေပုံ၊ မင်းပြားမြို့များသို့ ပြေးဆွဲနေသည့်သင်္ဘောများကို ရောက်သည့်နေရာများတွင် ဘေးကင်းလုံခြုံစွာ ခိုလှုံရပ်တန့်ထားရန် ညွှန်ကြားထားကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထင်ကျော်က ပြောကြားသည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကတော့ ကျွန်တော်တို့ဆီကို မုန်တိုင်းအန္တရာယ်ရှိကြောင်း အသိပေးထားပါတယ်။ ကျွန်တော်တို့ကလည်း သတင်းအချက်အလက်တွေကို နားထောင်စောင့်ကြည့်နေပါတယ်။ မုန်တိုင်းကတော့ လက်ရှိအခြေအနေထိ စစ်တွေမြို့ရဲ့ အနောက်တောင်ဘက် မိုင် ၁၆၀ အကွာမှာ ရှိနေတယ်လို့ သိရပါတယ်။ နောက် ၁၂ နာရီအတွင်း အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိမယ်လို့သိရတဲ့အတွက် သင်္ဘောတွေ မထွက်ခွာဘဲ ရပ်နားထားပါတယ်၊ ခရီးသည်တွေ သွားလာရခက်ခဲတဲ့အတွက် ရာသီဥတုအမြန်ပြန်ကောင်းလာဖို့ပဲ မျှော်လင့်ပါတယ်" ဟု စစ်တွေမြို့ကို အခြေပြုပြေးဆွဲနေသည့် ရွှေပြည်တန်အမြန်ရေယာဉ်မန်နေဂျာက ပြောကြားသည်။

မြေပုံမြို့မှ ဦးမောင်တင်လှက " မုန်တိုင်းရှိတယ်လို့ သတင်းကြားရပါတယ်။ မိုးတွေလည်းရွာနေပါတယ်။ မြစ်ကမ်းနားသွားကြည့်တော့ လှိုင်းကတော်တော်ထန်နေတယ်။ ကျွန်တော်တို့က ရေလုပ်ငန်းကိုအဓိက လုပ်ကိုင်နေကြတဲ့သူတွေဆိုတော့ ငါးမဖမ်းရရင် စားဝတ်နေရေး အခက်အခဲဖြစ်တာပေါ့" ဟု ပြောကြားသည်။

**သတိပေးနှိုးဆော်**

မုန်တိုင်း၏အခြေအနေကြောင့် ခရီးသည်တင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ ခေတ္တရပ်နားထားရပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် လိုက်လံသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

# မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်ထပ်မံစမ်းသပ်



**ဆိုးလ် မေ ၂၉**
မြောက်ကိုရီးယားနိုင်ငံက မေ ၂၉ ရက် အစောပိုင်းတွင် ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားခဲ့သည်။

စကဒ်ဒုံးကျည်ပုံစံမျိုးဖြစ်သည့် အဆိုပါပဲ့ထိန်းဒုံးကျည်ကို မြောက်ကိုရီးယားနိုင်ငံ ဝူဆန်ဒေသမှ ဒေသစံတော်ချိန်နံနက် ၅ နာရီ ၃၉ မိနစ်က စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ဒုံးကျည်သည် ၄၅၀ ကီလိုမီတာအကွာအထိ ရောက်ရှိခဲ့ပြီး အရှေ့ဘက်ကမ်းခြေ ပင်လယ်ပြင်ထဲသို့ ကျရောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ စကဒ်ဒုံးကျည်သည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်အမျိုးအစားတစ်မျိုးဖြစ်ကာ အကွာအဝေး ၃၀၀ ကီလိုမီတာမှ ၅၀၀ ကီလိုမီတာထိရောက်ရှိနိုင်ကြောင်း သိရပြီး တောင်ကိုရီးယားပိုင်နက်ကို ပစ်မှတ်ထားသည့် ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း သိရသည်။

စကဒ်ဒုံးကျည် ပစ်လွှတ်မှုအား တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က အသေးစိတ်လေ့လာနေကြောင်း သိရသည်။ မြောက်ကိုရီးယား၏ မည်သည့်အပြုအမူမျိုးမဆို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မေ ၂၉ ရက်က မြောက်ကိုရီးယားဒုံးကျည်ပစ်မှုသည် တောင်ကိုရီးယားသမ္မတအသစ်နေရာယူပြီးမှ မြောက်ကိုရီးယားက တတိယအကြိမ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းသည် ကိုးကြိမ်မြောက်ရှိပြီဖြစ်သည်။
**(ဆင်ဟွာ)**

## သီရိလင်္ကာတွင်ဖြစ်ပွားသည့် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူအရေအတွက်မြင့်တက်

**ကိုလံဘို မေ ၂၉**
သီရိလင်္ကာနိုင်ငံတွင်ပြီးခဲ့သည့်သောကြာနေ့ကတည်းက စတင်ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ်ရာရေကြီးမှုနှင့်မြေပြိုမှုကြောင့်သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာလျက်ရှိကြောင်းသိရသည်။

ရေကြီး၍မြေပြိုမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၁၆၄ ဦးအထိ မြင့်တက်လာခဲ့ပြီး ၁၀၄ဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက တနင်္လာနေ့တွင်ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုက လူလေးသိန်းကျော်ကိုဒုက္ခရောက်စေခဲ့ပြီး လေပြင်းတိုက်ခတ်မှုများလည်းဖြစ်ပွားခဲ့သည်။

လူတစ်သိန်းကျော်ကို ဘေးကင်းသည့်နေရာ ၃၀၄ နေရာဆီသို့ ပို့ဆောင်ကာ နေရာချထားပေးမှုများပြုလုပ်ခဲ့ရသည်။

မြေနိမ့်ပိုင်းတွင်နေထိုင်ကြသည့်ပြည်သူများအား မြစ်ရေလျှံမှုဖြစ်ပွားနိုင်သည်ဟူသောသတိပေးချက်အရရွှေ့ပြောင်းမှုများ ပြုလုပ်စေခဲ့သည်။

လေပြင်းတိုက်ခတ်မှုနှင့်အတူ နောက်ထပ်မိုးသည်းထန်စွာ ရွာသွန်းနိုင်သေးသည့်အခြေအနေရှိနိုင်ကြောင်း မိုးလေဝသဌာနက တနင်္လာနေ့တွင်သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။
**(ဆင်ဟွာ)**

# မိုဆူးလ်တွင် စစ်ပွဲပိုမိုပြင်းထန်လာပြီးအရပ်သားများ အစာရေစာပြတ်လပ်မှုကိုခံစားနေရ

**မိုဆူးလ် မေ ၂၉**
မိုဆူးလ်မြို့ရှိ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့ ထိန်းချုပ်ထားသည့်နေရာများတွင်အရပ်သားထောင်ပေါင်းများစွာတို့ အစာရေစာနှင့်ဆေးဝါးများကိုရရှိရန် မနည်းကြိုးစားရုန်းကန်နေရကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားခဲ့သည်။

မိုဆူးလ်မြောက်ပိုင်းမြို့ကို ပြန်လည်ရရှိရန် အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် အီရတ်အစိုးရတပ်ဖွဲ့ဝင်များက ထပ်မံထိုးစစ်ဆင်လျက်ရှိနေသည်မှာ ရက်များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

မိုဆူးလ်မြို့ဟောင်းနှင့် အခြားသောခရိုင်သုံးခုတို့ရှိ အိုင်အက်စ်စစ်သွေးကြွများရှိရာ နယ်နိမိတ်အနောက်ခြမ်းတွင် အရပ်သား ၂၀၀၀၀၀ ကျော်ရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်သူ လိုက်စ်ဂရန်ဒီက တနင်္ဂနွေနေ့တွင် ရိုက်တာသို့ ပြောကြားခဲ့သည်။

အီရတ်တပ်မတော်သည် တီကရစ်မြစ်၏ အနောက်ဘက်ခြမ်းရှိ စစ်သွေးကြွများရှိရာ ဇုန်များကိုပြန်လည်ရယူရန် ထိုးစစ်ဆင်မှုအသစ်တစ်ရပ်ကို စတင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်တိုးတက်မှုအခြေအနေမှာ အားရဖွယ်မရှိဘဲနှေးကွေးနေသေးသည်ဟု အီရတ်အစိုးရအဖွဲ့အကြံပေးတစ်ဦးကပြောကြားခဲ့သည်။ တိုက်ပွဲများမှာပြင်းထန်လျက်ရှိပြီး သတိထားရမည့်အခြေအနေမျိုးဖြစ်ကြောင်း ၎င်းကအမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

စစ်သွေးကြွများရှိရာ ဧရိယာများမှ ထွက်သွားရန် စီစဉ်ညွှန်ကြားခြင်းခံရသည့်အရပ်သားများမှာ အစာရေစာပြတ်လပ်မှုနှင့်ဆေးဝါးအကူအညီလိုအပ်မှုအခြေအနေကို ဆိုးရွားစွာခံစားနေရကြောင်း ဂရန်ဒီကဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။
**(ရိုက်တာ)**



# ဖိလစ်ပိုင်တောင်ပိုင်းရှိ အစ္စလာမ္မစ်သူပုန်များအား တိုက်ထုတ်အောင်မြင်နိုင်တော့မည်ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်ပြောကြား



ဖိလစ်ပိုင်တပ်မတော်ရဟတ်ယာဉ်တစ်စင်းဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို တွေ့ရစဉ်

**မနီလာ မေ ၂၉**
အစ္စလာမ္မစ်စစ်သွေးကြွများက ထိန်းချုပ်ထားခဲ့သည့် တောင်ပိုင်းမြို့ကို ပြန်လည်အရယူနိုင်ရန် နီးကပ်လာပြီဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများနှင့် မဟာမိတ်ပြုထားသည့် သူပုန်များထိန်းချုပ်ထားရာနေရာများကို ဖိလစ်ပိုင်တပ်မတော်လေယာဉ်များက ဒုံးကျည်များကို ပိုမိုပစ်လွှတ်တိုက်ခိုက်လျက်ရှိသည်။ မာရဝီမြို့၌ မော်တီစစ်သွေးကြွများနှင့် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခတိုက်ပွဲများသည် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်မှုကာလအတွင်း အကြီးကျယ်ဆုံးလုံခြုံရေးခြိမ်းခြောက်မှုအဖြစ် ဝင်ရောက်လာခဲ့သည်။

သေနတ်သမားများသည် လေကြောင်းနှင့်မြေပြင် ကျူးကျော်တိုက်ခိုက်မှုများကိုပြုလုပ်နေဆဲဖြစ်ပြီး လူဦးရေနှစ်သိန်းခန့်ရှိသည့် မာရဝီမြို့၏အချက်အချာကျသည့် အစိတ်အပိုင်းများကို ထိန်းချုပ်ဆုပ်ကိုင်ထားဆဲဖြစ်သည်။

စစ်ပွဲနိဂုံးချုပ်လုနီးပြီဖြစ်သည်ဟု စစ်ရေးညွှန်ကြားမှုကို ဦးဆောင်နေသူများက အခိုင်အမာပြောဆိုခဲ့ကြောင်း တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ရက်စတီကျူတိုပက်ဒီလာက သတင်းထောက်များအား ပြောကြားခဲ့သည်။
**(ရိုက်တာ)**

## မန်ချက်စတာတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ၁၆ ဦးမြောက် သံသယရှိသူကိုဖမ်းဆီးထား

**လန်ဒန် မေ ၂၉**
မန်ချက်စတာအသေခံဗုံးခွဲမှုနှင့် ပတ်သက်ပြီး ပတ်သက်ဆက်နွှယ်သည်ဟု ယူဆရသူ ၁၆ ဦးမြောက်လူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဗြိတိသျှရဲများက မေ ၂၉ ရက်က ပြောခဲ့သည်။

အသက် ၂၃ နှစ် အရွယ်ရှိ လူတစ်ဦးကို အကြမ်းဖက်ပြစ်မှုဆိုင်ရာဥပဒေအရ ဖမ်းဆီးခဲ့ကြောင်း မန်ချက်စတာရဲတပ်ဖွဲ့က တွစ်တာ၌ ဖော်ပြခဲ့သည်။

ယခုချိန်အထိ စုစုပေါင်း၁၆ဦးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သော မန်ချက်စတာတိုက်ခိုက်မှုတွင် လူ ၂၂ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိခဲ့သည့် ၁၆ ဦးအနက် နှစ်ဦးကို ပြန်လည်လွှတ်ပေးလိုက်ပြီး အခြားသူများကို စစ်ဆေးမေးမြန်းရန် ဆက်လက်ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။
**(ရိုက်တာ)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာစေရန် ယုံကြည်မှုကိုဘယ်လိုတည်ဆောက်ကြမလဲ

ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်


ဦးမင်းကိုနိုင်


ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်


ခွန်ဥက္ကာ


စခုန်တိန့်ယိမ်း


စောမြရာဇာလင်း


တာလုဖေ

**နေပြည်တော် မေ ၂၉**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းဖြင့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယုံကြည်မှုကို စတင်တည်ဆောက်ခဲ့ကြသည်။ ယခင်အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့သော်လည်း မူဝါဒများချမှတ်ခြင်းမပြုနိုင်ခဲ့ပေ။

အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အမည်ဖြင့် ငြိမ်းချမ်းရေးညီလာခံ ကျင်းပ၍ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် ဆောင်ရွက်ခဲ့ပြီး စာတမ်း ၆၈ စောင်ကို တင်သွင်းခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ အမျိုးသားရင်ကြားစေ့ရေး၊ ယုံကြည်မှုတည်ဆောက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။

ယခု ၂၀၁၇ ခုနှစ် မေ ၂၄ တွင် စတင်ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့များအား ညီလာခံဖွင့်ပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်၍ တက်ရောက်ခွင့်ပြုခဲ့သည်။ ယခုကျင်းပသည့် ညီလာခံသည် ယုံကြည်မှုတစ်ခု တည်ဆောက်နိုင်ရုံမျှမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သယံဇာတကဏ္ဍ လေးခုမှ အချက် ၃၇ ချက်ကို သဘောတူညီမှုရရှိ၍ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းတစ်ခုအဖြစ် ချုပ်ဆိုနိုင်ခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှု ပိုမိုတိုးမြင့်စေရန် ဘာတွေဆောင်ရွက်သင့်သလဲဆိုသည့် မေးခွန်းအား မတူညီသည့် ရှုထောင့်အသီးသီးတွင်ရှိနေသည့် ညီလာခံသို့ တက်ရောက်လာသူများကို မေးမြန်းခဲ့သည်။

**ဦးမင်းကိုနိုင်**
**၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)**

တစ်ယောက်နဲ့ တစ်ယောက် ယုံတယ် မယုံဘူးဆိုတာ ဘယ်လောက်ရိုးဖြောင့်လဲဆိုတဲ့အပေါ်မှာ ကြည့်ကြတယ်။ တစ်သက်လုံး မျက်နှာချင်း နှစ်ဖက်ဆိုင်လာခဲ့ကြတဲ့သူတွေဟာ ကိုယ့်အမှန်တရားနဲ့ကိုယ် ပြောကြမှာဗျ။ ဒီနေရာမှာ ဘယ်သူမှန်တယ်၊ မှားတယ်ပြောနေမယ့်အစား အလုပ်ဖြစ်ရေးဆိုတာကို တွေးရတော့မယ်။ အရိုးရှင်းဆုံးနည်းကတော့ ဖြစ်နိုင်ခြေရှိတဲ့ တူတာတွေ အရင်ပြောကြရတော့မယ်။ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်မခံနဲ့၊ အမူအရာမပိုနဲ့။ တူနိုင်တယ်ဆိုရင် ဒါတော့ကောင်းတယ်ဗျာ တူပြီ ---ချရေးလိုက်မယ်။ တူတာတွေက စလိုက်ရင် ကောင်းမွန်တဲ့ လှေကားထစ်တွေဖြစ်သွားမယ်။ တူညီတာကို အရင်ကြည့်ပါ။ ပြဿနာအရှိဆုံးအပိုင်းဆိုတာ ရှိစမြဲပဲ။ အဲ့ဒါကို စကြည့်မယ်၊ စကိုင်တွယ်မယ်ဆို ကျွန်တော်တို့ ရှေ့ဆက်လို့မရတော့ဘူး။ အတိတ်က သင်ခန်းစာတွေက ဒီအတိုင်းပဲ လာတယ်ဗျ။

ကျွန်တော် တစ်ချက်ပဲပြောမယ်။ အရေးကြီးဆုံးအချက်က ဒါတွေက ဈေးရောင်း၊ ဈေးဝယ်လုပ်နေတာ မဟုတ်ဘူး။ ဘယ်လောက်ဆစ်မှာမို့လို့ ငါကတော့ ဈေးဘယ်လောက်တင်ထားမယ်ဆိုတာမျိုး မရှိဖို့လိုတယ်။ ကျွန်တော် ဖြစ်စေချင်တာ ဒါပဲဆိုတာ တစ်ခါပဲပြောတာ ကောင်းတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (ဥက္ကဋ္ဌ)**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ-(JMC-U)**

ငြိမ်းချမ်းချင်တဲ့ ဆန္ဒကရှိပြီးသား။ အယူအဆနဲ့ အသေးစိတ်နည်းလမ်းတွေ ကွဲနေတာ။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ယုံကြည်မှုတည်ဆောက်ဖို့က အချိန်ယူရမယ်။ တဖြည်းဖြည်းချင်း အချိန်ယူပြီး တည်ဆောက်လို့ရတယ်။ တစ်ယောက်အမြင် တစ်ယောက်ကို အချိန်ယူပြီး ညှိနှိုင်းရင် အဆင်ပြေသွားလိမ့်မယ်။ အလောသုံးဆယ်တော့ လုပ်လို့မရပါဘူး။

**ခွန်ဥက္ကာ(PNLO-နာယက)**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း**

သေနတ်ပြောင်းတွေပိတ်ပြီး ခဏနားရင်ရမယ်။ မြေပြင်မှာ စစ်မတိုက်ရင် ယုံကြည်မှုပိုရတယ်။ စားပွဲပေါ်မှာ တိုက်တာက အားလုံးအတွက် သက်သာစေတယ်။ နည်းလမ်းကတော့ စားပွဲပေါ်မှာ များများတွေ့၊ မြေပြင်မှာ လုံးဝထိတွေ့မှုမရှိအောင် လျှော့ချ၊ စားပွဲပေါ်မှာ ထိတွေ့မှုက အနာအဆာမရှိဘူး။ ခပ်စိပ်စိပ်တွေ့မယ်။ နည်းမျိုးစုံနဲ့ စားပွဲပေါ်မှာ တွေ့ကြမယ်။

**စခုန်တိန့်ယိမ်း(ပြည်သူ့စစ်)**
**အထူးဒေသ(၁) ငြိမ်းချမ်းရေးခေါင်းဆောင်**

လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ပြဿနာ မဖြေရှင်းနိုင်သေးဘူးပြောရမှာပေါ့။ အပစ်အခတ်မှ မရပ်စဲပဲ။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ပြဿနာတွေ အခြေအနေတွေကို ရှင်းရမယ်။ မြောက်ပိုင်းခုနစ်ဖွဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော် ဦးဆောင်ဖို့လိုတယ်။ သူတို့ ဦးဆောင်မှုမရှိဘဲ ငြိမ်းချမ်းရေးမဖြစ်နိုင်ဘူး။ သူတို့တွေကို အစိုးရနဲ့ တပ်မတော်က ကျေကျေနပ်နပ်နဲ့ လာဆွေးနွေးခိုင်းစေချင်တယ်။

**ဦးကျော်ဝင်း(စာရေးဆရာ)**

များများတွေ့၊ များများဆွေးနွေးရင်တော့ တဖြည်းဖြည်း ယုံကြည်လာမယ်။ အချိန်တော့ ပေးရမယ်။ ကျွန်တော်တို့ မမွေးခင်ကတည်းက ဖြစ်နေတဲ့ ပြည်တွင်းစစ်၊ နှစ်ဖက် အာဃာတတွေကလည်း တော်တော်လေးစုမိဆောင်းမိနေပြီ။ ချက်ချင်းလက်ငင်းကြီး သံသယတွေ ကင်းပြီဆိုတာတော့ မဖြစ်နိုင်ဘူး။ များများတွေ့ရင်တော့ ပြေလည်သွားမယ်ထင်ပါတယ်။ အရင်ထက်စာရင် အခုက အများကြီးတွေ့လာတယ်။

**နော်ပန်းသဥ္စာမျိုး**
**ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**(ရန်ကုန်တိုင်းဒေသကြီး)**

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေမှာက NCA ထဲမှာပါတာ လူမစုံသေးဘူး။ ရှစ်ဖွဲ့ပဲရှိသေးတယ်။ အများကြီးကျန်နေသေးတယ်။ နောက် ကျန်နေတဲ့အဖွဲ့အစည်းတွေကို တစ်ခါမှ မတွေ့သေးဘူး။ တွေ့ဆုံမှုတွေ များများလုပ်ပြီး မကြာခဏတွေ့ရင် အကောင်းဆုံးပဲ။ အဲ့ဒီလို များများတွေ့ပြီးမှ တရားဝင်တွေ့ဆုံမှုတွေ လုပ်ပေါ့။

**ဦးထွန်းထွန်းဟိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(နောင်ချိုမဲဆန္ဒနယ်)**

ရှည်ရှည်ဝေးဝေး သိပ်မလိုဘူး။ ရှင်းရှင်းပြောရရင် တစ်ဖက်နဲ့ တစ်ဖက် နားလည်ဖို့ပေါ့။ တစ်ဖက်နဲ့ တစ်ဖက် နားလည်တယ်လို့ ပြောလိုက်ပြီဆိုတာနဲ့ ယုံကြည်မှုတည်ဆောက်လို့ ရသွားပြီ။ နားလည်မှုဆိုတာက သူ့မှာရှိနေတဲ့အခြေအနေကို ကိုယ်က နားလည်ရမယ်။ သူ့မှာဖြစ်နေတဲ့ အခက်အခဲကို ကိုယ်က အသိအမှတ်ပြုရမယ်။ နောက်တစ်ချက်က ပူးပေါင်းဆောင်ရွက်တာ။ ပူးပေါင်းဆောင်ရွက်တဲ့အတွက် နားလည်ဖို့က လွယ်ကူသွားတယ်။ နားမလည်ဘူးဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့ ခက်တယ်။ နားလည်မှုအတွက် စိတ်သဘောထားကြီးမြင့်မှု၊ ကိုယ်ချင်းစာမှုနဲ့ တည်ဆောက်လိုက်ရင် သူ့ကို နားလည်သွားမယ်။

**စောမြရာဇာလင်း (ဒုတိယဥက္ကဋ္ဌ)**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)**

အရင်က တပ်မတော်နဲ့ ကျွန်မတို့ဟာ တစ်ယောက်ကို တစ်ယောက် လက်ဆွဲနှုတ်ဆက်ဖို့တောင် အခက်အခဲရှိခဲ့တယ်။ ဒါပေမယ့် NCA စာချုပ်ကို လက်မှတ်ရေးထိုးတဲ့အခါမှာ တစ်ဦးနဲ့ တစ်ဦးပြောဆိုဆွေးနွေးရင်းနဲ့ ခင်မင်မှုတွေလည်း ရလာတယ်။ သံသယတွေလည်း ကင်းပျောက်လာတယ်။ တိုင်းရင်းသားတွေရဲ့ သဘောတွေလည်း တပ်မတော်က နားလည်လာတယ်။ ပြည်ထောင်စုက ခွဲထွက်လို့ မသင့်တော်ဘူးဆိုတဲ့ အမြင်တွေလည်း တိုင်းရင်းသားတွေမှာရလာတယ်။ ဒါကြောင့် တိုင်းရင်းသားတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် NCA စာချုပ်ကို ရေးဆွဲခဲ့ကြတယ်။ အားလုံးရဲ့ စဉ်းစားချက်က ပြည်ထောင်စုကြီးတစ်ခု ကောင်းကောင်းမွန်မွန်ပေါ်ပေါက်ရေးပဲ။ ဒီဖြစ်စဉ်ထဲမပါတဲ့သူတွေလည်း ရှိတယ်။ ခွဲထွက်ဆိုလည်း ဘယ်သူက ခွဲထွက်မလဲ။ စိုးရိမ်နေတဲ့ လူတချို့ကို မစိုးရိမ်အောင် ထိုင်စကား ပြောတာ၊ အတူဆွေးနွေးတာ၊ ခရီးထွက်တာတွေ လုပ်ပါ။

**တာလုဖေ(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)**
**တအာင်းပလောင်အမျိုးသားပါတီ (TNP)**
**UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

ယုံကြည်မှု ဘယ်လိုတည်ဆောက်မလဲဆိုတာကို ကျွန်တော့်အမြင် ပြောရရင် နှစ်ဖက်သော အင်အားစုတွေက သူတို့ရဲ့ ရပ်တည်မှုတွေ၊ သူတို့ရဲ့ဖြစ်တည်မှုတွေအပေါ် ဖက်တွယ်ထားပြီး ဆန္ဒတွေကို ရှေ့တန်းတင်လွန်းတယ်။ ရပ်တည်မှုတွေကို ဖက်တွယ်လွန်းပြီး ဒါကိုပဲဇောင်းပေးနေရင် ရင်ကြားစေ့ရေးက နည်းနည်းလေးခက်ခဲမလားပေါ့။ အတ္တတွေ၊ မာန်မာနတွေ ခဝါချပါ။ ကျွန်တော်တို့ရဲ့အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးကို အေးချမ်းသာယာတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာတဲ့ကြိုးပမ်းမှုမှာ စေတနာတွေပဲထည့် စေတနာတွေပဲ ရှေ့တန်းတင်ပြီးတော့မှ လာခဲ့မယ်ဆိုရင် ကျွန်တော်တို့ ရင်ကြားမစေ့စရာအကြောင်း မရှိပါဘူး။ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတွေမဖြစ်လာစရာ မရှိပါဘူး။ စစ်မှန်တဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖြစ်အောင် စစ်မှန်တဲ့ ဆန္ဒလေးတွေနဲ့ ပိုထည့်ပြီး ဆွေးနွေးပွဲတွေ များများလုပ်ပေးရင် မဖြစ်နိုင်စရာ မရှိဘူး။

# ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ကြိုဆိုထောက်ခံ

**ကျောက်ပန်းတောင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ်တွင် ငြိမ်းချမ်းရေးကို ချစ်ခင်လိုလားသည့် လူငယ်များ စုပေါင်းဦးဆောင်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး) အား ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းစွာ စီတန်းလမ်းလျှောက်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ် အားကစားကွင်းမှ စတင်ချီတက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲကို မြို့နယ်အားကစားကွင်းမှ စတင်၍ ညောင်ဦးမြို့မှ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ အလံကိုင်အဖွဲ့ဝင်များ ဦးဆောင်ချီတက်ခဲ့ကြပြီး “(၂၁)ရာစုပင်လုံညီလာခံအား ကြိုဆိုထောက်ခံကြစို့”၊ “ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (အောင်မြင်ပါစေ)” စာတန်းပါ ဗီနိုင်းစများကိုင်ဆောင်၍ မြို့နယ် အားကစားကွင်းမှ လွတ်လပ်ရေး ဈေးလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်ပန်းတောင်း - ချောက်လမ်း၊ ကျောက်ပန်းတောင်း-ပုပ္ပားလမ်းအတိုင်း ချီတက်၍ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သို့ ရောက်ရှိပြီး **(ယာပုံ)** ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်ရမည် ဟူသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ငြိမ်းချမ်းစွာ ချီတက်လမ်းလျှောက် ထောက်ခံပွဲကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပွဲကို ငြိမ်းချမ်းရေးကို ချစ်ခင်မြတ်နိုးသော လူငယ်များ၊ NLD ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလွတ်ပညာသင် ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ စုစုပေါင်း ၂၅၀ ဖြင့် ချီတက်လမ်းလျှောက်ခဲ့ကြကြောင်း၊ သက်ဆိုင်ရာသို့ တရားဝင်ခွင့်ပြုချက်တောင်းခံ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာသည်နှင့်အတူ ဒေသတွင်းယုံကြည်မှုများ ပြန်လည်ရရှိပြီး တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု

နေပြည်တော် မေ ၂၉

**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တက်ရောက်အမှာစကားပြောကြားကြသည်။**

### တန်းတူကုသစောင့်ရှောက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောဒေသသည် ဝေးလံခက်ခဲသောဒေသဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် နေထိုင်သူများအကြား ယုံကြည်မှုကို ပြန်လည်တည်ဆောက်နေရသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသောအခြေအနေများအကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေကြသော ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အနေဖြင့် ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ် အစရှိသည့် ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို ဦးထိပ်ထား၍ လူနာများအား တန်းတူကုသစောင့်ရှောက်ပေးနေရသည် ဖြစ်ပါကြောင်း။

### ဦးစားပေး ပံ့ပိုးပေးသွားမည်

ခက်ခဲသော အခြေအနေကြားတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ လတ်တလော လိုအပ်ချက်များ၊ ရေရှည်ဘဝတက်လမ်းများအတွက် ပြေလည်စေရန်နှင့် ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ၏ လွှမ်းခြုံမှုနှင့် အရည်အသွေးတိုးတက်လာစေရန် အတွက် အားလုံးမှ ဝိုင်းဝန်းပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း၊ လိုအပ်သည့်အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအင်အား၊ ဆေးဝါးဆေးပစ္စည်းများနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် တတ်နိုင်သမျှ ဦးစားပေး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှုများ မြင့်မားလာသည်နှင့်အတူ ဒေသတွင်းယုံကြည်မှုများ ပြန်လည် တိုးတက်ရရှိလာပြီး ဒေသတည်ငြိမ် အေးချမ်းရေးကို ကောင်းစွာ အထောက်အကူပြု၍ Health as a Bridge for Peace သဖွယ် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဝင်ငွေ တိုးတက်စေရေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် ဒေသတွင်း လူမှုစီးပွား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်းများသည် ဝန်ကြီးဌာနတစ်ခုတည်းဆောင်ရွက်လျှင် အောင်မြင်မှုသည် ရေရှည်တည်တံ့ရန် ခက်ခဲပြီး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ ဒေသတွင်း လူမှုဘဝကာကွယ်ရေး ( Social Protection ) များ ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ခြင်းလုပ်ငန်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်း စသည်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ လက်တွဲဆောင်ရွက်မှု များစွာရှိပါကြောင်း၊ ထို့အပြင် ဒေသခံများ အလုပ်အကိုင် ပိုမိုရရှိစေရေးနှင့် ဝင်ငွေတိုးတက်စေရေး၊ သက်ကြီးရွယ်အိုများနှင့် မသန် စွမ်းသူများ ထောက်ပံ့ပေးရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများ အတူတကွ ပူးပေါင်းဆောင်ရွက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ကျန်းမာရေးစောင့်ရှောက်ပေးနေ

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်နှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းတို့က ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်များတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွက် လိုအပ်သည့် လူစွမ်းအား အရင်းအမြစ်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် စပါးစိုက်တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မောင်တော မေ ၂၉**

မောင်တောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၂၃ ရက်မှ စတင်ကာ မောင်တောမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများအား တစ်ဧကကျပ်တစ်သိန်းခွဲနှုန်းဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးထွန်းအောင်က မြန်မာ့သတင်းစဉ်သို့ ပြောသည်။



မောင်တောမြို့နယ်၌ စပါးစိုက်တောင်သူများ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်

### ချေးငွေပြေကျေမှု

"တောင်သူတွေဆန္ဒအရ လုပ်ကွက်ငယ် ၁၀ ဧကထိ စိုက်ပျိုးတဲ့ တောင်သူတွေကို အစုအဖွဲ့ဖွဲ့ပြီး စိုက်ပျိုးစရိတ် ထုတ်ချေးတယ်။ ကျေးရွာတွေကို ပုံစံတွေ ထုတ်ပေးထားတယ်။ ကျေးရွာစိစစ်ရေးအဖွဲ့က စိစစ်ထောက်ခံပြီး တင်ပြလာတဲ့အပေါ် ချေးငွေပြေကျေမှုရှိ၊ မရှိ စိစစ်ပြီး ထုတ်ချေးပေးပါတယ်" ဟု မန်နေဂျာ ဦးထွန်းအောင်က ပြောသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများကို တစ်နိုင်ငံလုံးရှိ တောင်သူများအား မေလမှ စက်တင်ဘာလအထိ ထုတ်ချေးပေးမည်ဖြစ်သော်လည်း မောင်တောမြို့နယ်ရှိ တောင်သူများအား မေလမှ ဇူလိုင်၊ ဩဂုတ်လကုန်အပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"ဒီနှစ်အတွက် စိုက်ပျိုးရေးချေးငွေရပြီးပါပြီ။ ချေးငွေက စိုက်ပျိုးရေးအတွက် အထောက်အကူပြုပါတယ်။ အခက်အခဲကတော့ မျိုးစပါးမလုံလောက်တာ၊ ဓာတ်မြေဩဇာ မလုံလောက်တဲ့ အခက်အခဲတွေ တောင်သူတွေမှာ ဖြစ်နေတယ်" ဟု မောင်တော တောင်ပိုင်း ရွှေရင် အေးကျေးရွာမှ တောင်သူ ဦးမောင်ဦးက ပြောသည်။

ထို့အတူ ရွှေရင်အေးကျေးရွာမှ တောင်သူ ဦးသန်းရွှေက "စိုက်ပျိုးစရိတ် ချေးငွေတော့ မရသေးဘူး၊ ပြီးခဲ့တဲ့နှစ်က ချေးငွေမှာ အုပ်စုထဲက တစ်ဦးက ချေးငွေမကျေသေးတဲ့အတွက် ကျန်နှစ်ဦးက ချေးငွေချေးမရသေးဘူး" ဟု ပြောသည်။

### ကျပ်သိန်းတစ်ရာကျော် ထုတ်ချေး

မေ ၂၃ ရက်မှစတင်ကာ ယနေ့အချိန်အထိ မောင်တောမြို့ရှိ တောင်သူ ၃၀ အား စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းတစ်ရာကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သိရသည်။

မောင်တောခရိုင်တွင် စိုက်ပျိုးစရိတ်ချေးငွေရရှိသည့် စပါးစိုက်ဧကပေါင်း ၁၅၀၀၀ ကျော်ရှိပြီး မောင်တောမြို့တွင် စပါးစိုက်ဧက ၄၅၀၀ ကျော်နှင့် ဘူးသီးတောင်မြို့နယ်တွင် စပါးစိုက်ဧက ၁၁၀၀၀ ကျော်ရှိကြောင်း ချေးငွေရယူရာတွင် ပုံစံ(၇)နှင့် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများအား ထုတ်ချေးပေးကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြောသည်။

"မောင်တောဒေသက မြေဩဇာကောင်းတဲ့ ဒေသဖြစ်တဲ့အတွက် စပါးစိုက်ရာမှာ အထွက်နှုန်းကောင်းတယ်။ နိုင်ငံတော်ကလည်း မောင်တောဒေသကို အထူးဦးစားပေးအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွေအတွက် ဘတ်ဂျက်ချထားပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

ယခင် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၀၆၉ ဦးအား မိုးစပါးစိုက်ဧကတစ်ဧက ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းဖြင့် ကျပ်သိန်း ၄၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**သတင်း-မင်းသစ်** (MNA)

**ဓာတ်ပုံ-ရဲထွဋ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် မေ ၂၉ ရက် မြန်မာစံတော်ချိန် ၁၁ နာရီအချိန်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက် အမှတ်စဉ်(၀၅)၊ ၂၀၁၇ အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ"Mora သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံပုသိမ်မြို့၏ အနောက်ဘက်မိုင် ၁၉၅ ခန့်၊ စစ်တွေမြို့၏အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၇၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၉၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေကြောင်းနှင့် နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း သိရှိရသည်။

မိုးလေဝသပညာရှင်များ ခန့်မှန်းချက်အရ မုန်တိုင်းသည် ပိုမိုအားကောင်းလာသော ဆိုင်ကလုန်းမုန်တိုင်း Mora အဖြစ်သို့ရောက်ရှိလာပြီး နောက် မေ ၂၉ ရက် နေ့လယ်ပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းအနီးသို့ ချဉ်းကပ်လာနိုင်ပြီး လေဒဏ် မိုးဒဏ်များ အဖျားခတ်လာနိုင်သည်။

မုန်တိုင်းသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအနီးမှ ရွေ့လျားမည့်အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထုတ်ပြန်ထားပါကြောင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ မုန်တိုင်းဘေးကြိုတင်အသင့်ဖြစ်စေရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုအပ်ကြောင်း အကြံပြုအပ်ပါသည်-

(က) အရေးပေါ်ပြောင်းရွှေ့နိုင်ရန်စီစဉ်ထားပြီး လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ၊ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(ခ) မိသားစုများကွဲကွာသွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်ဆုံရပ် သတ်မှတ်ထားပါ။

(ဂ) မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ခိုင်ခံ့လုံခြုံသော အဆောက်အအုံ၊ အမိုးအကာအောက်တွင် နေထိုင်ပါ။

(ဃ) ကမ်းခြေများတွင် ရောက်ရှိအပန်းဖြေနေသူများ သတိပြုနေထိုင်ပါ။

(င) မုန်တိုင်းငယ်၏အရှိန်ကြောင့် ကုန်းတွင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းရာမှတစ်ဆင့် ဖြစ်ပေါ်တတ်သည့် လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကိုလည်း အထူးသတိထားပါ။

(စ) တောင်ကျချောင်းများတွင် ရုတ်တရက် ရေကြီးမှုများ ဖြစ်လာနိုင်ပါသဖြင့် တောင်ကျချောင်းများအနီး နေထိုင်နေသူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းပါ။

(ဆ) မြစ်၊ ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။

(ဇ) မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း ကုန်းတွင်းပိုင်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ၊ မြေပြိုခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိပြု နေထိုင်ပါ။

(ဈ) မြစ်ကမ်းနှင့် ချောင်းကမ်းအနီးရှိ သောင်ပြင်များတွင် ရာသီပင်များစိုက်ပျိုးနေထိုင်သူများသည်လည်း ရေလွတ်ရာနေရာများသို့ ခေတ္တရွှေ့ပြောင်းနေထိုင်ပါ။

ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသော Call Centre ဖုန်းများဖြစ်သည့် (၀၆၇-၄၀၄၆၆၆ နှင့် ၀၆၇-၄၀၄၇၇၇)တို့သို့ အချိန်မရွေး ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်၍ လိုအပ်သည့်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ သတင်းဆက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြည်သူသို့အသိပေးဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# စမ်းချောင်း ဒဂုံစင်တာအနီး သစ်ပင်နှင့် အုတ်နံရံလဲပြိုကျမှုကြောင့် ယာဉ်အချို့ပျက်စီး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ဒဂုံစင်တာ(၁)၏ရှေ့တွင် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အလှစိုက်ထားသော ရေတမာပင်ပြိုလဲပြီး အနီးတွင်ရပ်ထားသော ပရိုဘောက်အငှားယာဉ်ပေါ်သို့ လဲကျသဖြင့် ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်တစ်ပြိုင်နက် ဒဂုံစင်တာ(၁)အနောက်ဘက်ရှိ မြန်မာဗုဒ္ဓဂယာကျောင်း၏ ခြောက်ပေအမြင့်ရှိ အုတ်နံရံမှာလည်း မြေသားနိမ့်ကျမှုကြောင့် ရုတ်တရက်ပြိုကျခဲ့ပြီး အဆိုပါ အုတ်နံရံအနီး ရပ်ထားသောမော်တော်ယာဉ်ခြောက်စီးခန့် ပျက်စီးသွားခဲ့သည်။ **(ယာပုံ)** သစ်ပင်ပြိုလဲမှုနှင့် အုတ်နံရံပြိုကျမှုဖြစ်ပွားရာသို့ စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကြီးတင်**



# ၂၀၁၇ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (မော်လမြိုင်) ဆုပေးပွဲကျင်းပ

**မော်လမြိုင် မေ ၂၉**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Myanmar Zwe Mann Co., Ltd. မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ဆုပေးပွဲကို မေ ၂၈ ရက် စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီးတွင် မော်လမြိုင်မြို့ ရွှေနတ်တောင်ဂေါက်ကလပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်နန်းသန်းသန်းနွယ်က အမျိုးသမီးဝါသနာရှင်အဆင့် ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၆၀ ချက်ဖြင့် ဒုတိယ ရရှိခဲ့သော မေဦးခိုင်နှင့် စုစုပေါင်းရိုက်ချက် ၂၅၉ ချက်ဖြင့် ပထမ ရရှိခဲ့သော ဧကရီဝင်းထွန်း တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး က အမျိုးသားဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ဒုတိယ ရရှိသော မောင်မောင်ဦးနှင့် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမ ရရှိသော ကျော်သက်ဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ပထမဆုရရှိသော နိုင်နိုင်လင်းကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် Myanmar Zwe Mann Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်တို့က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊ သွင်းကုန် ၅၇၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၂၃ ဒသမ ၆၇၂ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅ ဒသမ ၁၇၂ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၈ ရက်တွင် မြဝတီမှရန်ကုန်သို့ သွားရောက်မည့် Toyota Mark II, Mitsubishi Canter (Truck), Mitsubishi Pajero နှင့် Toyota Wish ယာဉ်တို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

● များစွာသော ကလပ်များက မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ကို လိုချင်နေကြသော်လည်း ၎င်းသည် ဥရောပမှာပင် ရှိလိမ့်မည်ဟု အေးဂျင့် ရိုင်အိုလာက ပြောကြားခဲ့သည်။ ၎င်း၏ စာချုပ်သက်တမ်းမကြာခင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် မန်ယူနှင့်အတူ ၎င်း၏ အနာဂတ်ကို မကြာခင်ဆွေးနွေးသွားမယ်ဟုလည်း အေးဂျင့် က ဆိုသည်။

● ချယ်လ်ဆီးဂိုးသမား ကော့တွိုက်စ်သည် ပရီမီယာလိဂ် ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနှင့်အတူ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ဂိုးသမားသည် ၁၆ ပွဲ ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်မှုကြောင့် ဟူဂိုလောရစ်နှင့် ဒီဂီယာတို့ကို ကျော်ဖြတ်ပြီး ၂၀၁၆-၂၀၁၇ ရာသီအတွက် ရွှေလက်အိတ်ဆုကို ရရှိခဲ့သူဖြစ်ကြောင်းလည်း သိရှိရသည်။

● ပရီမီယာလိဂ်တန်းတက်တစ်နေရာအတွက် ချန်ပီယံရှစ်မှ ဟတ်ဒါဖီးနှင့် ရီးဒင်းတို့၏ ယှဉ်ပြိုင်ပွဲကို မေ ၂၉ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ ကစားရာ **(အောက်ပုံ)** မိနစ် ၉၀ အထိ ဂိုးမရှိ သရေပွဲဖြစ်နေပြီး အချိန်ပို မိနစ် ၃၀ ဆက်ကစားသော်လည်း ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ဟတ်ဒါဖီးက လေးဂိုး -သုံးဂိုးဖြင့် အနိုင်ရပြီး ၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်သို့ တန်းတက်ခွင့် ရရှိပြီဖြစ်သည်။ **ဇော်ဇော်**



# အခွန်ဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ဟသ်ာတ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မေလစတုတ္ထပတ်က အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသောင်းဟန်(လက်ထောက်ညွှန်ကြားရေးမှူး)က ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေတို့နှင့်စပ်လျဉ်း၍ သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွင်ဥပဒေပုဒ်မ ၁၃(က)(ခ)(ဂ) နှစ်ချုပ်ကြေညာလွှာနှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၅(က)(ခ) တို့အရ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းကိစ္စရပ်များ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ရွှေဆိုင်လုပ်ငန်းရှင်များ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်း ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အခွန်ထမ်းများက သိရှိလိုသည်များမေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## အများသိစေရန်ကြေညာခြင်း

အမှတ်(၂၂)၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပရှိ ပေ(၆၀×၈၀)မြေကွက်ရှိ RC တစ်ထပ်တိုက်နှင့် Nissan AD Van-7E/1821 တို့အား ဖခင်ကြီး ဦးမြမောင်နှင့် သားသမီးများ မသိရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းတို့အား မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ ပြုလုပ်ပါက ရောင်း/ဝယ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**ဦးမြမောင်နှင့်သားသမီးများ**

## ၂-၅-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)တွင် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ကြေညာခြင်း

မိုးညှင်းမြို့၊ နမီးစုရပ်ကွက်၊ အမှတ်(၆၀)နေ ကျွန်တော်ဦးမျိုးခင် ၁/မညန(နိုင်) ၀၂၅၅၂၅က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်တော်၏ ဖခင်ဦးထွန်းရာမှ ရွှေနေဦးမြသောင်း၊ ဒေါ်သဲနုရည်၊ ဦးအောင်ဇော်ဦးတို့အားလွှဲအပ်က ကျွန်တော့်အပေါ်ဖခင်မှ လယ်မြေ(၄)ဧက၏ ကာလတန်ဖိုးငွေ ကျပ်သိန်း(၉၀)ပေးသည်ကို လက်ခံသည့်အပြင် မိဘများကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ဆိုဆုံးမမှုကို နာခံမှုမရှိသဖြင့် ကြေညာသည့်ရက်မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ၂-၅-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)တွင် ဖော်ပြကြေညာထားသည့်အတိုင်း ကျွန်တော်မှ ဖခင်ဦးထွန်းရာအပေါ် ဆိုဆုံးမမှုကို မနာခံခြင်း၊ ကိုယ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ခြင်းမရှိဘဲ ဖခင်နှင့် ကျွန်တော်၏မိခင် ဒေါ်စိန်မြိုင်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းခဲ့သော ပစ္စည်းများအနက် ဦးထွန်းရာနှင့် နောက်အိမ်ထောင် ဒေါ်သန်းရွှေတို့ လင်မယားကွာရှင်းစဉ်အချိန်က အမွေဝေစုအဖြစ် လယ်မြေ(၈)ဧကအား ၉-၁-၂၀၀၈ ရက်စွဲပါ စာချုပ်ဖြင့် ပေးအပ်ခဲ့ပြီးနောက်ပိုင်းတွင် ဖခင်က ဒေါ်သန်းရွှေနှင့် ပြန်လည်ပေါင်းသင်းကာ ကျွန်တော်တို့ မောင်နှမ(၄)ဦး၏ ပစ္စည်းများအား ပြန်လည်သိမ်းပိုက်ရန် အကြံဖြင့် ကျွန်တော့်အား ခွဲဝေပေးခဲ့အပ်ထားသည့် လယ်မြေ(၈)ဧကကို (၄)ဧကတန်ဖိုး ငွေကျပ်သိန်း(၉၀)ကို လက်ခံရန်နှင့်လက်မခံပါက အမွေပြတ်စွန့်လွှတ်မည်ဟု ပြောဆိုခြင်းအပေါ် ကျွန်တော်မှစာချုပ်ချုပ်ဆိုပေးအပ်ထားသည့် လယ်မြေ(၈)ဧကအပေါ်တွင် မျှတမှုရှိစွာဆောင်ရွက်ပေးရန် ပြန်လည်ပြောဆိုခဲ့သဖြင့် အဆိုပါအကြောင်းအရာဖြင့် သတင်းစာတွင် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်သည့် ကြေညာချက်အပေါ် ပြန်လည်၍ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**(မျိုးခင်)**
**၁/မညန(နိုင်) ၀၂၅၅၂၅**
**နမီးစုရပ်၊ မိုးညှင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၈၁၇၄ Kenbo 110/M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၇/ပတန(နိုင်)၁၀၂၄၈၂ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ မော်ဝမ်းလေး၊ မော်ဝမ်းကြီး အမက(မူလွန်) ဒုတိယတန်းမှ မနှင်းနှင်းမွန်နှင့် မအိအိမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၉/မမန(နိုင်)၀၀၅၉၀၆ ဖြစ်ပါကြောင်း။ **ဦးစိုးဝင်း**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(မုတ္တမ) တက္ကသိုလ်ဝင်တန်းမှ မသဇင်စိုး၏ မိဘအမည်မှန်မှာ ဦးအောင်သန်းစိုး ၁၀/ပမန(နိုင်)၁၂၉၈၅၄ - ဒေါ်စပါယ်သိန်း ၃/ဘအန(နိုင်)၂၀၇၇၄၀ ဖြစ်ပါသည်။ **ဦးအောင်သန်းစိုး-ဒေါ်စပါယ်သိန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/9432 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အသုံးတူ | ၁၂ မျိုး |
| (ခ) | အဓိက | ၁၁ မျိုး |
| (ဂ) | အားကစားနည်း(၂၃)မျိုးအတွက် အထောက်အကူပြုပစ္စည်းများ | |
| | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | ၆-၆-၂၀၁၇ ရက် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | ၁၆း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့်ကာယပညာ သိပ္ပံ(မန္တလေး)၊ ၆၈×၇၃ ကြား၊ သဇင်လမ်းနှင့်ငုရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၈၀၉၃၆၊ ၀၂-၈၀၉၀၀တို့သို့ ၃၀-၅-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)**




## အမည်ပြောင်း

ဦးသိန်းရွှေ၏သား ပုဏ္ဏားကျွန်း၊ အထက၊ သတ္တမတန်းမှ မောင်လင်းသီဟအား မောင်သီဟရဲညွန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သီဟရဲညွန့်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၁၁)၊ သတ္တမတန်းအောင်မှ နန်းခံဖိုလ်အား ယနေ့မှစ၍နန်းကျင်ဟွမ်ဟု ပြောင်းလဲခေါ်ပါရန်။ **နန်းကျင်ဟွမ်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပျော့ရွာကျေးရွာ၊ ပျော့ရွာ အလက(ခွဲ) မဋ္ဌမတန်းအောင်မှ မောင်ပြည့်ဘုန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဌေးဆင့် ၅/မမတ(နိုင်)၀၁၄၀၀၆ ဖြစ်ပါကြောင်း။ **ဦးဌေးဆင့်**

## ဖခင်အမည်မှန်

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပုဏ္ဏားကျွန်း၊ အထက၊ နဝမတန်း(B)မှ မောင်မောင်သန်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန်လှ ၁၁/ပဏတ(နိုင်)၀၄၆၄၃၃ ဖြစ်ပါကြောင်း။

**ဦးကျော်စိန်လှ**

## ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊ အမက(၁၆၆) ညောင်တော စတုတ္ထတန်းအောင်မှ မောင်အာကာစိုးနှင့် KG တန်းအောင် မောင်ထူးခန့်နိုင်တို့၏ ဖခင်အမည်မှန် ဦးမျိုးမြင့် ၈/ရစက(နိုင်)၁၆၄၁၅၉ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်**

## အမည်ပြောင်း

ဦးလှထွန်းစိန်၏သား ပုဏ္ဏားကျွန်းမြို့နယ်၊ ဒီပါရုံကျေးရွာနေ မောင်စိုးနိုင်လင်း ၁၁/ပဏတ(နိုင်)၀၆၄၁၃၇ အား မောင်စောနိုင်လင်းဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်စောနိုင်လင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/6278 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## အမည်ပြောင်း

ဦးကျော်စိန်အောင်၏သား ပုဏ္ဏားကျွန်းမြို့မ၊ အထက(ခွဲ)၊ အဋ္ဌမတန်း(A)မှ မောင်ကျော်မြတ်စိုးအား မောင်မြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြင့်မြတ်ကျော်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ကမ္ဘစံပြကျေးရွာ အလက အဋ္ဌမတန်းမှ မဆွေဆွေ၏ မိဘအမည်မှန်မှာ ဦးသာဆောင်-ဒေါ်စန်းမြင့်ရီ ဖြစ်ပါကြောင်း။

**ဦးသာဆောင်-ဒေါ်စန်းမြင့်ရီ**

## မိဘအမည်မှန်

စစ်တွေမြို့၊ အထက(၃)၊ နဝမတန်း(A)မှ မစိုးစိုးသန်း၏ မိဘအမည်မှန်မှာ ဦးမောင်အေးသိန်းနှင့် ဒေါ်မအေးသိန်းတို့ဖြစ်ပါကြောင်း။

**ဦးမောင်အေးသိန်းနှင့်ဒေါ်မအေးသိန်း**

## အမည်ပြောင်း

တနိုင်းမြို့နယ် အထကခွဲ (ဆင်ဆာ့) ပဥ္စမတန်း(A)အောင်မှ ဦးမြင့်ထွန်း၏သား မောင်ရွှေပိုးကောင်အား မောင်ပြည့်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

# မွေးနေ့

မင်းသိမ်း(နေပြည်တော်)

ဘာတွေများစဉ်းစားနေတာတုန်း။

မွေးနေ့ပွဲလေးအကြောင်း စဉ်းစားနေတာပါအဘ။

ဟ…၊ ဒါဆိုရင် မွေးနေ့လက်ဆောင်တွေဘာတွေ ယူသွားရဦးမှာပေ့ါ၊ ဘာတွေများပေးမယ်လို့ စိတ်ကူးထားသလဲ၊ ယောက်ျားလေးလား၊ မိန်းကလေးလား။

မဟုတ်ဘူး အဘရ၊ ကျွန်တော့်လက်ဆောင်က ပစ္စည်းမဟုတ်ဘူး။

အလို၊ တယ်ဆိုတဲ့စာပါလား၊ ရှင်းစမ်းပါဦးသားရ။

ဒီလိုဘကြီးဖြိုးရေ၊ ကျွန်တော်ပြောတဲ့မွေးနေ့ပွဲက လူအများလုပ်နေကြတဲ့ မွေးနေ့ပွဲမဟုတ်ဘူး။ အဖွဲ့အစည်းရဲ့မွေးနေ့ပါ…။

ဟေး။ မင်းဟာကအထူးအဆန်းပါလား၊ ငါတောင် မျက်စိလည်သွားပြီ။

ပြောပြမှာပါ ဘကြီးဖြိုးရာ၊ ကျွန်တော်အခု ဝန်ထမ်းဘဝအငြိမ်းစားယူပြီးမှ တစ်ကျော့ပြန် တာဝန်ထမ်းဆောင်နေတဲ့ အဖွဲ့အစည်းကို ဘကြီးကြားဖူးမှာပါ။

အေးသိသားပဲ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဆိုလား၊ ဘာလား။ ဟိုအရင်တုန်းကတော့ မြူနီစီပယ်အဖွဲ့အစည်းမဟုတ်လား၊ ပြောစမ်းပါဦး။

ဟုတ်တယ်ဘကြီး၊ ကျွန်တော့်အဖွဲ့အစည်းအကြောင်း သူများပြောပြလို့ သိရတာရယ်၊ မှတ်တမ်းတင်ခဲ့လို့ ဖတ်ခဲ့ရတဲ့ စာအုပ်စာပေတွေထဲက ဘကြီးရော၊ တခြားလူတွေပါ သိအောင် ကျွန်တော်မှတ်သားထားတာလေးတွေကို သိသလောက် ပြောပြမယ်။

ဘကြီးက ကျွန်တော့်ထက်အသက်ကြီးတော့ ကြုံဖူးကြားဖူးမှာပါ။ တိုက်ရိုက်ပတ်သက်မှုမရှိလို့ အမှုမဲ့အမှတ်မဲ့ နေခဲ့တဲ့ သဘောပါ၊ တကယ်တော့ အရင်ကကျွန်တော်တို့ နိုင်ငံရဲ့ မြို့တော်ဟာ ရန်ကုန်မြို့ပါ၊ ခရစ်နှစ် ၁၇၇၅ ခုနှစ်မှာ အလောင်းမင်းတရားကြီးက တည်ထောင်ခဲ့တဲ့ မြို့သေးလေး တစ်ခုပဲ။ မြို့တွင်းမြို့ပြင်မှာ ရွံ့ဗွက်တွေအလွန်ထူပြီး လူဦးရေကလည်း တစ်သောင်းလောက်ပဲရှိတာ။ ၁၈၅၂ခုနှစ်မှာ ရန်ကုန်မြို့ကို ဗြိတိသျှအင်္ဂလိပ်တွေသိမ်းယူပြီး မြို့ကို အကွက်ချလို့ ပြန်လည်တည်ဆောက်ခဲ့တယ်။ အုပ်ချုပ်တဲ့သူက Town Magistrate မြို့ဝန်ကြီးဖြစ်ပြီး တစ်မြို့လုံးနဲ့သက်ဆိုင် တဲ့ကိစ္စအဝဝကို မြို့ဝန်ကြီးကပဲ တာဝန်ခံရတယ်ဘကြီး၊ ရန်ကုန်မြို့ဟာ ဆိပ်ကမ်းမြို့ဖြစ်လို့၊ ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်လာတာနဲ့အမျှ လူဦးရေတွေ တိုးပွားလာတယ်။ မြို့ကြီးကလည်း တစ်စတစ်စ ကျယ်ဝန်းလာလို့ မြို့ဝန်ကြီးမှာ တာဝန်တွေများလာပြီး တစ်ဦးတည်းနဲ့ မနိုင်မနင်းဖြစ်လာခဲ့တယ်။ အဲ့ဒါကြောင့် ၁၈၇၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ အိန္ဒိယနိုင်ငံ ဘုံဘေမြူနီစီပယ်ဥပဒေကို မှီငြမ်းပြီး အက်ဥပဒေနံပါတ် (၇)အရ မြို့တော်ရဲ့ကိစ္စအဝဝကို ဆောင်ရွက်ဖို့အတွက် ပထမဆုံးသော ရန်ကုန်မြူနီစီပယ်အဖွဲ့ကို တည်ထောင်ခဲ့ကြတယ် ဘကြီး။ အဖွဲ့ဝင်ပေါင်း ၃၂ ဦးပါဝင်ပြီး အစိုးရအရာရှိမဟုတ်တဲ့ မြို့သူမြို့သား ၁၅ဦးပါတယ်။ အဖွဲ့ဥက္ကဋ္ဌကတော့ မြို့ဝန်ကြီးပါပဲ။ အဲ့ဒီတုန်းကတော့ ရန်ကုန်မြို့မှာ လူဦးရေက တစ်သိန်းလောက်ရှိနေပြီ။

ဘကြီးပြောတဲ့ မြူနီစီပယ် (Municipal) ဆိုတဲ့ ဝေါဟာရကို Webster's အဘိဓာန်ကြီးမှာ ဖွင့်ဆိုထားတာက မြို့တော်၊ ဒါမှမဟုတ် မြို့ရဲ့ဒေသဆိုင်ရာ အရပ်ရပ်သော စည်ပင်သာယာရေးကိစ္စတွေကို ဆောင်ရွက်ပေးရတဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့လို့ ဖွင့်ဆိုထားတယ်အဘ။ ဒါကြောင့် မြူနီစီပယ်အနေနဲ့ မြို့နေပြည်သူလူထုရဲ့ကျန်းမာရေး၊ နေထိုင်မှုစနစ်ကျနရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ရေ၊ မီးရရှိရေးစတဲ့ လူမှုကိစ္စအဝဝကို ဆောင်ရွက်ပေးရတဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့လို့ ပြောလို့လည်းရတယ် အဘ။

ဒါနဲ့ ရန်ကုန်မြို့က သိမ်ကြီးဈေးနဲ့ စကော့ဈေးကို အဘကြားဖူးမှာပေ့ါ။

အေး၊ ကြားတော့ကြားဖူးတယ်။ သိရင်နည်းနည်းပြောပါဦး။

သိမ်ကြီးဈေးဆိုတာက စူရတီဘရားဘဇား ကုမ္ပဏီလီမိတက် (S.B.B) Co.Ltd ပိုင် ပုဂ္ဂလိကပိုင်ဈေးကြီးအဘရေ၊ ၁၈၅၃ခုနှစ်မှာ ဖွင့်လှစ်ခဲ့တာ။ ၁၈၅၇ ခုနှစ်မှာ မီးလောင်ခံရပြီး အဲ့ဒီနှစ်မှာပဲ ထပ်ဆောက်ခဲ့ရတယ်။ တကယ်တော့ ဈေးရဲ့ အနီးမှာ ရဟန္တာအရှင်မြတ်တို့ သမုတ်တော်မူခဲ့တဲ့ သိမ်တော်ကြီးကို အစွဲပြုပြီး သိမ်ကြီးဈေးလို့ ဖြစ်လာခဲ့တာ အဘရဲ့။ နောက်တစ်ခုက “စကော့ဈေး”။ ရန်ကုန်မြူနီစီပယ်မင်းကြီး မစ္စတာ ဂေဗင်စကော့ လက်ထက်က တည်ဆောက်ခဲ့တာ။ ယခင်မောင့် ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်း) လမ်းပေါ်မှာ ရှိတယ်အဘ။ နိုင်ငံခြားသားပိုင် အယ်လီဖင့်စတုံးနဲ့ စီနီမာ ဒီပဲရစ်ရုပ်ရှင်ရုံ နှစ်ရုံကိုဖျက်ပြီး ရန်ကုန်မြူနီစီပယ်က တည်ဆောက်ခဲ့တာ။

**ဘကြီးပြောတဲ့ မြူနီစီပယ် (Municipal)ဆိုတဲ့ ဝေါဟာရကို Webster's အဘိဓာန်ကြီးမှာ ဖွင့်ဆိုထားတာက မြို့တော်၊ ဒါမှမဟုတ် မြို့ရဲ့ဒေသဆိုင်ရာအရပ်ရပ်သော စည်ပင်သာယာရေးကိစ္စတွေကို ဆောင်ရွက်ပေးရတဲ့ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့လို့ ဖွင့်ဆိုထားတယ် အဘ။ ဒါကြောင့် မြူနီစီပယ်အနေနဲ့ မြို့နေပြည်သူလူထုရဲ့ကျန်းမာရေး၊ နေထိုင်မှုစနစ်ကျနရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ရေ၊ မီးရရှိရေးစတဲ့ လူမှုကိစ္စအဝဝကို ဆောင်ရွက်ပေးရတဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့လို့ ပြောလို့လည်းရ**

၁၉၂၆ ခုနှစ်မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး မြူနီစီပယ်မင်းကြီး မစ္စတာ ဂေဗင်စကော့ကို ဂုဏ်ပြုပြီး“စကော့ဈေး”လို့ အမည်ပေးခဲ့တာ အဘရေ။ ဂျပန်ခေတ်ကဆိုရင်“ရန်နိုင်ဈေး”လို့လည်း ခေါ်ကြသေးတယ်။ လွတ်လပ်ရေးခေတ်ကျမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတဲ့အနေနဲ့“ဗိုလ်ချုပ်အောင်ဆန်းဈေး”၊ “ဗိုလ်ချုပ်ဈေး”ရယ်လို့ ဖြစ်ခဲ့တာအဘရေ။ အောင်မလေး…၊ သိသလောက်ပြောလို့ပဲ၊ ထဲထဲဝင်ဝင်သာ သိရင် သိပ်ကောင်းမှာပဲနော်။

ကျွန်တော်က စာဖတ်တာဝါသနာပါတယ်အဘ။ ဖအေတူသားဆိုပါတော့ အဘရယ်…။ ကိုယ့်ဟာကိုယ်တော့ စာသိပ်ဖတ်ဖြစ်တယ်လို့ ထင်နေတာ။ ဖေဖေရှိစဉ်တုန်းက ဆိုရင် မှတ်သားစရာ၊ ဝေဆာနေတဲ့စာအုပ်ဖြစ်လို့ကတော့ ညမအိပ်တော့ဘူး အဘရေ…။ မေမေကလည်း အအိပ်ဆတ်၊ ဘေးကနေ တချွတ်ချွတ်နဲ့ စာရွက်တွေလှန်လိုက်၊ ရေးလိုက်၊ မှတ်လိုက်နဲ့ မိုးသာလင်းသွားတယ်။ ဖေဖေတစ်ရေးမှ မအိပ်သေးဘူး။ မိုးလင်းရင် ကျွန်တော်တို့ကို ပြောသေးတယ်။ စာအုပ်တစ်အုပ်ကို ဘယ်လိုဖတ်ရတယ်။ ဘယ်လိုမှတ်ရတယ်ဆိုတာလေးတွေပေါ့။ ငယ်သေးတော့ “ဟုတ်ကဲ့” လို့သာပြောလိုက်တာ၊ ခုမှအသုံးကျမှန်းသိလာတယ်အဘရာ။

ဆက်ပြောဦးမယ် အဘရေ။ မြူနီစီပယ်အုပ်ချုပ်မှုရဲ့ ဂုဏ်သိက္ခာမြင့်မားဖို့နဲ့ ရန်ကုန်မြို့ကို ကိုယ်ပိုင်အုပ်ချုပ်တဲ့ မြို့တော် City of Local Government Trust အဖြစ် သတ်မှတ်ဖို့ ၁၉၃၃ ခုနှစ်မှာ ဆောင်ရွက်ခဲ့တယ်အဘ။ အဲ့ဒီနှစ်မှာပဲ ဥက္ကဋ္ဌ ဆိုတဲ့ စကားရပ်(ဘွဲ့)ကို “ မြို့တော်ဝန်” ဆိုပြီး အစားထိုးခဲ့တယ်။ တကယ်တော့ မြူနီစီပယ်လုပ်ငန်းဆိုတာဟာ လူတစ်ဦးမွေးဖွားသည်မှ သေဆုံးသည့်တိုင် ဆောင်ရွက်ရမည့်လုပ်ငန်းတွေကို ဝန်ဆောင်မှုပေးရတဲ့ အဖွဲ့အစည်းပဲအဘ။ (၁၈၇၄-၁၈၇၅)Captain R.C EVANSON ကစလို့ ၁၉၃၂ ခုနှစ် ဆာပေါ်ထွန်း (ဝတ်လုံ)အထိ မြို့တော်ဝန်မပေါ်မီ မြူနီစီပယ်ဥက္ကဋ္ဌပေါင်း ၂၈ ဦးရှိခဲ့တယ်။ အဲ့ဒီနောက်တော့ ဥက္ကဋ္ဌ President ဆိုတဲ့ စကားရပ်အစား မြို့တော်ဝန် Mayor လို့ အစားထိုး ခေါ်ပြီး လုပ်ပိုင်ခွင့်နဲ့ အာဏာကိုလည်း ပိုမိုအပ်နှင်းပြီး ဆောင်ရွက်စေခဲ့တယ် အဘ။ ကျွန်တော်မှတ်သားထားတာ ကတော့ ၁၉၃၄ ခုနှစ်မှာ မစ္စတာဂျေကေမွန်ရှီကနေ ၁၉၅၇-၅၈ ခုနှစ်၊ ဦးလှမောင်ရှေ့နေအထိ မြို့တော်ဝန်ပေါင်း ၂၂ ဦးရှိခဲ့တယ်အဘ။ ပါတီစုံစနစ်အတွင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ဆောင်ရွက်ခဲ့တဲ့ ကာလမှာတော့ မြို့တော်ဝန် ဦးလှမောင်ဟာ နောက်ဆုံးမြို့တော်ဝန်ပဲအဘရေ။

ခုလိုရှင်းပြတာ ကျေးဇူးပါပဲ။ ဒါနဲ့ မွေးနေ့အကြောင်းနဲ့ မွေးနေ့အဖွဲ့အစည်းလေးအကြောင်း ပြောပါဦး။

ဟုတ်ကဲ့အဘ။ ကျွန်တော်တို့နိုင်ငံရဲ့ မြို့တော်တွေကို လေ့လာတဲ့အခါမှာ ပထမမြန်မာနိုင်ငံတော် နေပြည်တော်ကို ပုဂံဒေသမှာ တည်ထောင်ခဲ့တယ်။ ဒုတိယ မြန်မာနိုင်ငံတော် နေပြည်တော်ကျတော့ ဟံသာဝတီတောင်ငူမှာ တည်ထောင်ခဲ့တယ်။ တတိယမြန်မာနိုင်ငံတော် နေပြည်တော်ကျပြန်တော့ ရတနာသိင်္ဃ ရွှေဘိုမှာ တည်ထောင်ခဲ့ပြန်တယ်။ ကုန်းဘောင်မင်းဆက် ၁၁ ဆက်မှာ နောက်ဆုံးဘုရင်သီပေါမင်းလက်ထက် ၁၈၈၆ ခုနှစ်မှာတော့ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ကျူးကျော်သိမ်းပိုက်မှုကြောင့် ကျွန်တော်တို့နိုင်ငံဟာ သူ့ကျွန်ဘဝ ရောက်ခဲ့ရတယ်။ ဗြိတိသျှအစိုးရဟာ သူတို့ရဲ့မဟာဗျူဟာအရ မြန်မာနိုင်ငံရဲ့မြို့တော်ကို ရန်ကုန်မြို့လို့သတ်မှတ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက် မြို့တော်ပြောင်းရွှေ့ရေးကို ကြိုးပမ်းခဲ့ကြပေမယ့်၊ မဖြစ်ခဲ့ဘူးအဘ။ ၂၀၀၃ ခုနှစ်မှာတော့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ စည်းလုံးညီညွတ်ရေးရှုထောင့်ပေါင်းစုံကနေစဉ်းစားပြီး နိုင်ငံတော်ရဲ့ ဗဟိုလည်းဖြစ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွေရဲ့လမ်းပန်းဆက်သွယ်ရေးအရပါ ထိန်းချုပ်ထားနိုင်မယ့် နေရာအဖြစ် တစ်နည်း နိုင်ငံတော်အစိုးရရုံးစိုက်ရာ နေပြည်တော်အဖြစ် ထူထောင်ဖို့ ထိုစဉ်ကာလတာဝန်ယူခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများက ပျဉ်းမနားမြို့ အနီးကိုဆုံးဖြတ်ပြီး ဆောင်ရွက်ခဲ့ကြတာအဘရေ။ တစ်ခါ အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီဆိုပြီး ဖွဲ့စည်းခဲ့တယ်။ ရုံးတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ လမ်း/တံတား၊ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ပန်းခြံ၊ အားကစားကွင်းစတာတွေကို နေပြည်တော်အင်္ဂါရပ်နဲ့အညီ တည်ဆောက်ပြီး ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကစလို့ အစိုးရ၊ ရုံး၊ ဌာနတွေကို ရွှေ့ပြောင်းစေခဲ့တယ်အဘ။ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် တရားဝင်ကြေညာပြီးတဲ့နောက်မှာတော့ မြို့ရွာဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေးနှင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ စည်ပင်သာယာရေး ကော်မတီတစ်ရပ်ဆိုတာ မရှိမဖြစ်လိုအပ်လာပြန်တယ်။ ဒါကြောင့် ကျွန်တော်အခု ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခံရတဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီနဲ့ မြို့တော်ဝန်ရုံးဟာ ၂၀၀၆ ခုနှစ် ဇွန်လ ၁ ရက်နေ့က ပေါ်လာလို့ ယခုလာမယ့် ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်နေ့ဆိုရင် ၁၁ နှစ်ရှိပြီအဘရေ။ ၁၁ နှစ်သားလေးကော်မတီဟာ ဘာတွေလုပ်နေတယ်ဆိုတာလေး ကြုံတုန်းအဘကို ပြောပြဦးမယ်၊ တကယ်တော့ ဒီအဖွဲ့ဟာ စည်ပင်သာယာလုပ်ငန်းဆောင်ရွက်သုံးစွဲစရိတ်တွေ၊ ဝန်ထမ်းတွေရဲ့ လစာနဲ့စရိတ်တွေကို ပြည်သူတွေအပေါ်ကရရှိတဲ့ အခွန်အခနဲ့ အကောက်ငွေတွေနဲ့ ရပ်တည်ဆောင်ရွက်ရတဲ့ Semi Government အဖွဲ့ပါ။ တစ်ခါလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေ ထပ်ဆင့်ထုတ်နိုင်ဖို့လည်း လိုသေးတယ်အဘ။ ဒါကြောင့် အဆင့်ဆင့် တင်ပြသဘောတူညီချက်နဲ့ နေပြည်တော်စည်ပင်သာယာရေး ဥပဒေကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တယ်အဘ။ လုပ်ငန်းအရပ်ရပ် ပေါင်း ၃၅ မျိုးကို ဌာန ၂၂ ခုနဲ့ ဆောင်ရွက်နေတယ်အဘ။ အသေးစိတ်တော့ နောက်တစ်ခါကြုံမှပဲ ပြောတော့မယ်အဘရာ။

ဒါကြောင့် အခုလာမယ့် ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်နေ့ဆို ကျွန်တော်တို့ အဖွဲ့အစည်းလေးပေါ်လာတာ ၁၁ နှစ်ပြည့်ပြီလို့ အဖွဲ့အစည်းရဲ့ မွေးနေ့လေးလို့ ပြောတာပါ။ တကယ်တော့ ကျွန်တော်တို့အလုပ်က ကုသိုလ်ရပါတယ် အဘ။ လူတစ်ဦး မွေးဖွားသည်မှ သေဆုံးသည့်တိုင် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဝန်ဆောင်မှုပေးရတဲ့ အဖွဲ့အစည်းလေ။ ပြည်သူတွေ သွားရေးလာရေး၊ နေရေးထိုင်ရေးတွေကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးရလို့ လူတွေရဲ့မေတ္တာကို ခံယူနိုင်ဖို့ပဲလိုပါတယ်။ မွေးနေ့ပွဲမှာ ဘာတွေလုပ်မလဲဆိုတာ လေးကိုပြောရင်း ဒီနေ့အတွက် နားကြတာပေ့ါအဘရာ။

မွေးနေ့ပွဲမှာ ဘာတွေလုပ်ဦးမှာလည်း၊ ကျွေးမွေးတာတွေလုပ်မှာပေ့ါနော်။

ဘယ်ဟုတ်ရမှာလဲအဘရာ။ (၁၁)နှစ်မြောက်အထိမ်းအမှတ်အဖြစ် သံဃာတော် ၁၈ ပါးကို ပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်မယ်။ ပြီးတော့ ဝန်ထမ်းအားလုံးရဲ့ သားသမီးတွေအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံစရိတ်တွေကို ထောက်ပံ့ပေးမယ်။ ပညာတတ်မှ အနာဂတ်လှမှာလေ၊ တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးတော့ ကလေးတွေ ပညာသင်ကြားမှုမှာ စိတ်အေးချမ်းသာစွာနဲ့ ပညာဆည်းပူးနိုင်မှာပေ့ါ၊ ဒါတွေ မကသေးဘူးအဘရေ၊ တူညီဝတ်စုံ ဝတ်ရတဲ့ အဖွဲ့အစည်းဖြစ်လို့ ဝန်ထမ်းတွေအတွက် ဝတ်စုံစရိတ်လည်း ပေးဦးမှာ။ မွေးနေ့ပွဲလေးအတွက် အဘက်ဘက်မှ တာဝန်ယူဆောင်ရွက် ပေးကြတဲ့ ဝန်ထမ်းတွေရော၊ ခွင့်ပြုချက်ပေးခဲ့တဲ့ မြို့တော်ဝန်ကြီး ကိုရော ကျေးဇူးတင်တယ်အဘ။

အေးကွာ ကြားရတာနဲ့တင် ပီတိဖြစ်လောက်ပါပေတယ်၊ မင်းတို့အဖွဲ့အစည်းရဲ့ အကြီးအကဲတွေ၊ ဝန်ထမ်းတွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ သံသာရေ-သံသရာ၌၊ သံသရန္တာ-နိဗ္ဗာန်သို့ မရောက်သမျှ ကျင်လည်ကြကုန်သည်ရှိသော်၊ အရောဂါ-အနာကင်းကုန်သော၊ ဒီဃာယုကာ-ရှည်သောအသက်ရှိကုန်သော၊ အင်္ဂသမ္ပန္နာ-အင်္ဂါကြီးငယ်နဲ့ ပြည့်စုံသော၊ ခနဝါ-ပေးကမ်း၍မကုန် ဥစ္စာကုံလုံကြွယ်ဝကုန်သော၊ ဒက္ခာ-အရာရာ၌ လိမ္မာနပ်နောကုန်သော အနတိမာန-ဂုဏ်သီရိတို့နှင့် ပြည့်စုံ၍၊ မဟာပညာ-ကြီးကျယ်မြင့်မြတ်နက်နဲလှစွာ၊ ဉာဏ်ပညာဖြင့် ပြည့်စုံကြပါစေလို့ အဘ ဆုပေးလိုက်ပါတယ်ကွာ။

ပေးတဲ့ဆုနဲ့ပြည့်စုံချင်ပါတယ်အဘရေ။

[အဘပေးတဲ့ဆုမျိုး မိမိနိုင်ငံ ဝန်ထမ်းတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တွေ့ခဲ့ရသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး ရရှိလက်ခံနိုင်ပါစေ၊ မှီငြမ်းကိုးကားခွင့် ရအောင် ရေးသားပေးခဲ့ကြတဲ့ စာပေကလောင်ရှင်များ၊ မြို့တော် သတင်းစာ၊ မြို့တော်မဂ္ဂဇင်းတို့ကို ဤဆောင်းပါးဖြင့် ဂါရဝပြုရေးသားဖော်ပြလိုက်ပါသည်။]

## တန်ဖိုးသင့်ထမင်း၊ ဟင်းလျာများနှင့်ဟင်းသီးဟင်းရွက်များ၊ကြက်ဥများရောင်းချ

မော်လမြိုင် မေ ၂၉

မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက် ထားဝယ်တံတားကမ်းနားလမ်း၌ မေ ၂၆ ရက်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးစီး၍ တန်ဖိုးသင့် ထမင်း၊ ဟင်းများနှင့် ဟင်းသီးဟင်းရွက်များ၊ ကြက်ဥများကို ပြည်သူများသို့ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများကိုအလုပ်သမားများ၊ အငှားယာဉ်ကားသမားများ၊ တက္ကစီဆိုင်ကယ် ယာဉ်မောင်းများက သွားရောက်ဝယ်ယူစားသုံးကြပြီး ဝယ်ယူစားသုံးရန်ဈေးသက်သာသဖြင့်တစ်ဦးနှင့်တစ်ဦးဆက်လက်ပြောကြား၍ ယင်းရောင်းချသည့်နေရာများသို့သွားရောက်စားသုံးကြကြောင်း သိရသည်။ ဟင်းသီးဟင်းရွက်နှင့်ကြက်ဥများရောင်းချမှုသည် ဈေးများမှ ရောင်းချမှုနှင့်နှိုင်းယှဉ်ရင် ဈေးသက်သာသာဖြင့် ဝယ်ယူရသောကြောင့် ဈေးဝယ်လာသူများက ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း (မော်လမြိုင်)




**စစ်မှုထမ်းဟောင်း မိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်လည်အစည်းအဝေး (၂၀၁၇) ကို မေ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးဘေးရှိ မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်း၌ ကျင်းပစဉ်**
မီးမီး(လှိုင်)

# ကျိုင်းတုံ၌ ပုဂ္ဂလိကပိုင်အဆင့်မြင့်နှစ်ထပ်ဈေး အဆောက်အအုံ ပန္နက်တင်အခမ်းအနားကျင်းပ



ပုဂ္ဂလိကပိုင် နောင်တုံအဆင့်မြင့် နှစ်ထပ်ဈေးပုံစံငယ်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အဖွဲ့ကြည့်ရှုစဉ်

**ကျိုင်းတုံ မေ ၂၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ဆောက်လုပ်မည့် ပုဂ္ဂလိကပိုင် နောင်တုံအဆင့်မြင့် နှစ်ထပ် ဈေး(Naung Tong Hyper Market) အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို အဆိုပါ ဈေးတည်ဆောက်မည့် အမှတ်(၂) ရပ်ကွက် နောင်ကျောက်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများက မေ ၂၈ ရက်တွင် အဆောက်အအုံတည်ဆောက်မည့် ထောင့်လေးထောင့်နှင့် အလယ်ငါးနေရာတို့တွင် ပန္နက်တင်ကြသည်။

"အလျား ၄၇၄ ပေ၊ အနံ ၄၀၄ ပေ၊ အကျယ်အဝန်းမှာ ပတ်လည်အဆောက်အအုံ အပါအဝင် စုစုပေါင်းအဆောက်အအုံ ခုနစ်ခုနဲ့ နှစ်ထပ်ဈေးဖြစ်ပြီး ကားရပ်နား အဆောက်အအုံ တစ်ခုလည်း ပါဝင်မယ်။ ဈေးအဆောက်အအုံမှာ အရောင်းဆိုင်ခန်း ၇၀၀ ကျော်၊ ဘဏ်ဖွင့်လှစ်နိုင်တဲ့ အခန်းတွေ၊ အစည်းအဝေးနဲ့ အခမ်းအနားတွင် ပြုလုပ်နိုင်တဲ့ ခန်းမတွေ၊ လူ ၂၀၀ ကြည့်ရှုနိုင်မယ့် အဆင့်မြင့်3D ရုပ်ရှင်ရုံ အစရှိတာတွေ ပါဝင်မယ်" လို့ Naung Tong ကုမ္ပဏီတာဝန်ရှိသူ ဦးစိုင်းတစ်အောင်က ပြောသည်။

ရှမ်းပြည်နယ်၌ ပထမဦးဆုံးတည်ဆောက်သည့် ပုဂ္ဂလိကပိုင် အဆင့်မြင့်ဈေးဖြစ်ပြီး နိုင်ငံတကာ အဆင့်မီခန်းမများ၊ နားနေပန်းဥယျာဉ်တို့ပါဝင်ပြီး မီးဘေးလုံခြုံရေးစနစ်တကျ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ကျောက်ဖြူမြို့နယ် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

**ကျောက်ဖြူ မေ ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ မိုးရာသီမိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မေ ၂၃ ရက်မှ စတင်ပြီး ကျေးရွာများသို့ ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ကျေးရွာအုပ်စု ၅၄ အုပ်စုအတွက် ငွေကျပ်သိန်း ၃၅၇၀၀ ကို ထုတ်ချေးပေးမည်ဖြစ်ရာ မေ ၂၃ ရက်က ပြင်ဖြူမော်ကျေးရွာအုပ်စုကို အစုအဖွဲ့သုံးဖွဲ့၊ လူဦးရေကိုးဦး ဧက ၃၀ အတွက် ငွေကျပ် ၄၅၀၀၀၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့ပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူခဲ့ကြသော တောင်သူများအနေဖြင့် အကျိုးရှိရှိသုံးစွဲကြရန်နှင့် ချေးငွေများကို လာမည့်နှစ် သတ်မှတ်ချိန်အတိုင်း ပြန်လည်ပေးဆပ်ကြရန်အတွက် မြို့နယ်မန်နေဂျာ ဦးပြုံးနိုင်ထံမှ သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား မေ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မေ ၂၇ ရက်က ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများစုပေါင်းပြီး သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ စုပေါင်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးအနီး ဧရာဝတီ မြစ်ဆိပ်ကမ်းတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

မြစ်ကြီးနားမြို့သည် မေခနှင့်မလိခ ပေါင်းပြီးဖြစ်ပေါ်လာသော ဧရာဝတီ မြစ်ကမ်းနံဘေးတွင် တည်ရှိ၍ မြို့သန့်ရှင်းသာယာလှပစေရန်နှင့် လာရောက်အပန်းဖြေသော ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မန်ခိန်လမ်းသခင်နတ်ဖေလမ်းတစ်လျှောက်တွင် လမ်းဦးစီးဌာနမှာ ဆောင်ရွက်လျက်ရှိသော လမ်းတိုးချဲ့ခြင်း၊ နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းဘေးကားပါကင်ဆောင်ရွက်နေမှုနှင့် ရေနုတ်မြောင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် အမြန်ဆုံးပြီးစီးရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## မြန်မာ့သတင်းမီဒီယာကွန်ရက်နှီးနှောဖလှယ်ပွဲ ကျင်းပ

**သံဖြူဇရပ် မေ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ စက်စဲကမ်းခြေ ၂၁ Paradise Hotel ၌ မေ ၂၇ ရက်၊ ၂၈ ရက်အထိ နှစ်ရက်တာ မြန်မာ့သတင်းမီဒီယာကွန်ရက် နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာပြည်တောင်ပိုင်း ဂျာနယ်လစ်ကွန်ရက်ဝင် ညှိနှိုင်းရေးမှူး ဦးကျော်စိုးက နှီးနှောဖလှယ်ပွဲကျင်းပရခြင်းကို ပြောကြားပေးပြီး UNDP ရန်ကုန်ရုံးမှ တာဝန်ခံ ဒေါ်နော်နောထူးက လက်ရှိမြန်မာနိုင်ငံ မီဒီယာကွန်ရက်ဝင်များနှင့် ရေ့ဆက်ကူညီပံ့ပိုးပူးပေါင်းမည့် အစီစဉ်များ၊ မီဒီယာကွန်ရက် ချိတ်ဆက်မှု အားကောင်းလာစေရန်၊ အစိုးရနှင့် မီဒီယာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားသည်။

မြန်မာ့သတင်းမီဒီယာ နှီးနှောဖလှယ်ပွဲတွင် မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၈ ဦး တက်ရောက်ခဲ့ရာ ပထမနေ့တွင် မီဒီယာ၏ဥပဒေပိုင်းဆိုင်ရာ တွေ့ကြုံနေရသော အခြေအနေများ၊ သတင်းအတတ်ပညာ အရည်အသွေးမြင့်မားလာစေရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းများ ရွာအပြင်ဘက်တွင် ဆောက်လုပ်ထားမှုကြောင့် ပြည်သူများ အခက်တွေ့

**ချီဖွေ မေ ၂၉**

ကချင်အထူးဒေသ(၁) ချီဖွေမြို့နယ် ဖီမော်ကျေးရွာအုပ်စု လုတ်နော်ဂျန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာများကို ကျေးရွာ၏အပြင်ဘက်တွင် ဆောက်လုပ်ပေးထားခြင်းကြောင့် တာဝန်ကျ ကျန်းမာရေးဝန်ထမ်း၊ ကျေးရွာနေပြည်သူများ အခက်အခဲနှင့်ကြုံတွေ့ကြောင်း သိရသည်။

"ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းနဲ့ ဝန်ထမ်းအိမ်ရာကို တစ်ဖာလုံလောက် ဝေးတဲ့နေရာမှာ ဆောက်လုပ်ထားတော့ ကျန်းမာရေး ဆရာတွေ မနေရဲကြဘူး။ အဓိကတော့ ရွာနဲ့ဝေးလို့ပေါ့။ တာဝန်ကျ ဆရာမကလည်း တစ်ယောက်တည်းရှိတယ်။ ဆေးခန်းမှာ မနေရဲတော့ ဆေးခန်း ဆောက်လုပ်ပေးထားတာ အလကားပါ" ဟု လုတ်နော်ဂျန်ကျေးရွာနေသူ ဦးလာပိုက ပြောသည်။



"အခုဆို ဆေးခန်းကလူမနေတော့ ပျက်စီးစပြုလာပြီး ဆေးခန်းကလည်း ရွာနဲ့ဝေးတော့ အရေးပေါ်ညအချိန်တွေမှာ သွားလာဖို့ဆိုရင် အခက်အခဲ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဆေးပေးခန်းကို ရွာထဲမှာ ဆောက်ပေးတယ်ဆိုရင်ပိုပြီးအဆင်ပြေတာပေါ့။ ရွာပြင်မှာရှိတဲ့အတွက်ကြောင့် ကျေးရွာသားတွေနဲ့ တာဝန်ကျဆရာမတွေအတွက် အခက်အခဲဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

လုတ်နော်ဂျန်ကျေးရွာတွင် အိမ်ခြေ ၆၀ ခန့် လူဦးရေ ၃၀၀ ကျော်ရှိပြီး အဆိုပါ ဆေးပေးခန်းနှင့်လူနေအိမ်တို့ကို ငွေကျပ်သိန်းပေါင်း ၆၃၀ အကုန်အကျခံပြီး ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ကချင်အထူးဒေသ(၁) ချီဖွေမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ပေါ်ဒေသများတွင်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ခက်ခဲသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

လက်ရှိ လုတ်နော်ဂျန်ကျေးရွာတွင် တာဝန်ကျဆရာမစာရင်းတော့ ရောက်ရှိပြီး ယနေ့ထိ မရောက်သေးကြောင်း၊ ဆရာမ မရှိသည့် ကျေးရွာသားများအတွက် ကျန်းမာရေးမကောင်းလျှင် တစ်ဖက်နိုင်ငံဘက်သွားပြီး ဆေးကုသမှုခံယူနေရကြောင်း၊ ဆေးဝါးတွေကလည်း မလုံလောက်တဲ့အပြင် သက်တမ်းကုန်ဆေးဝါးများသာ ချပေးကြောင်း ဦးလာပိုက ပြောပြသည်။ လုတ်နော်ဂျန်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအပြင် လန်ယန်ကျေးရွာ ဆေးပေးခန်းသည် ရွာနှင့် လေးဖာလုံဝေးပြီး ထောင်ဂေါ်ကျေးရွာ ကျေးလက်ဆေးပေးခန်းသည် ရွာနှင့် နှစ်မိုင်ခန့်အကွာတို့တွင် ဆောက်လုပ်ထားရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ကျွန်တော်၏သံတမန်ခရီး




၂၀၀၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ သံအမတ်ကြီးတာဝန်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ စပိန်နိုင်ငံနှင့် အင်ဒိုရာနိုင်ငံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦး၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်း ယူနက်စကို (UNESCO) တွင် မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်(သံအမတ်ကြီး)တာဝန်ကို ထမ်းဆောင်ခဲ့သည့် စာရေးသူဆရာ စောလှမင်း၏ သံတမန်ဆိုင်ရာ အတွေ့အကြုံများကို မျှဝေထားသည့်စာအုပ်ဖြစ်သည်။

စာအုပ်တွင် အပိုင်း ခုနစ်ပိုင်းဖြင့် ဖော်ပြထားပြီး "သံတမန်ရေးရာ အဖြာဖြာ၊ ကမ္ဘောဒီးယားဘုရင်မင်းမြတ်ထံခန့်အပ်လွှာပေးအပ်ခြင်း၊ ဂျပန်ဧကရာဇ်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်ခြင်း၊ စပိန်နိုင်ငံဘုရင်ထံ ခန့်အပ်လွှာပေးအပ်ခြင်း၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အင်ဒိုရာနှင့် ယူနက်စကိုဆိုင်ရာ အထွေထွေ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အစိုးရများ၊ အဖွဲ့အစည်းများနှင့် ထိပ်သီးအစည်းအဝေးများ စသည့်အပိုင်း ခုနစ်ပိုင်းဖြင့် ရေးသားထားသည်။

စာအုပ် သည် သံတမန်ရေးရာနှင့်ပတ်သက်၍ လေ့လာမှုများ၊ သုတေသီများနှင့် မျိုးဆက်သစ် သံတမန်များအတွက် တန်ဖိုးရှိလှသော စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ၂၀၁၇ ခုနှစ် မေလတွင် ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အမေ့ဥယျာဉ်စာပေတိုက် ဖုန်း- ၀၉-၅၁၅၄၆၅၂ ကဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြဒါးလင်းနှင့် ကမ်းပါးနီ

**မောင်သာ(ရှေးဟောင်းသုတေသန)**




မြန်မာ့ရှေးဦးသမိုင်းကာလများတွင် မြန်မာနိုင်ငံ နေရာဒေသအချို့၌ လူသားမျိုးနွယ်များ အခြေချနေထိုင်ခဲ့သည့် အထောက်အထားများနှင့် ရှေးဦးလူသားများသုံးစွဲခဲ့သည့် လက်နက်ကိရိယာများကို တွေ့ရှိခဲ့ကြသည်။ ယင်းတို့ကိုအခြေခံ၍ မြန်မာနိုင်ငံ၏ သမိုင်းမတင်မီ လူမှုအဖွဲ့အစည်း ယဉ်ကျေးမှုများကို အတန်အသင့် သိရှိနိုင်ခဲ့ကြသည်။ သမိုင်းဦးလူသားများသည် မိမိတို့ အသက်ရှင်သန်မှုအတွက် ရှာဖွေစားသောက်ရာတွင် အသုံးပြုရန်နှင့် သားရဲတိရစ္ဆာန်များ၏အန္တရာယ်မှ ကာကွယ်ရန် ကျောက်နက်လက်များကို သုံးစွဲခဲ့ကြသဖြင့် ယင်းကာလကို ကျောက်ခေတ်ဟု သတ်မှတ်ခဲ့ကြသည်။

ကျောက်လက်နက်များ၏ အနုအကြမ်းကိုကြည့်၍ ကျောက်ကြမ်းခေတ် (Paleo-lithicAge)၊ ကျောက်လယ်ခေတ်(Mesolithic Age)နှင့် ကျောက်ချောခေတ် (Neolithic Age)ဟု ပိုင်းခြားထားသည်။ မြန်မာနိုင်ငံတွင် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်သုံး လက်နက်များကို ဧရာဝတီမြစ်ကမ်းဆင့်များတွင် တွေ့ရှိခဲ့ရပြီး မြန်မာ့ကျောက်ကြမ်းခေတ် ယဉ်ကျေးမှုသည် အညာသားယဉ်ကျေးမှုဟု ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံအတွင်း ကျောက်ခေတ်ကာလ လူသားများသည် ရာသီဥတုဒဏ်နှင့် သားရဲတိရစ္ဆာန်များအန္တရာယ်မှ လွတ်ကင်းရန် မြန်မာနိုင်ငံတောင်တန်းများရှိ ကျောက်ဂူများအတွင်း၌ နေထိုင်ခဲ့သည့် အထောက်အထားများကို ပညာရှင်များနှင့် သုတေသီများက ဖော်ထုတ်ခဲ့ကြသည်။

**ကျောက်ခေတ် ပြဒါးလင်းဂူ**

ရှမ်းကုန်းမြင့်ရှိ မောင်တဝဂူနှင့် တင်းအိမ်ကျောက်ဂူများမှ တွေ့ရှိခဲ့ရသည့် တစ်ဖက်ချော ကျောက်လက်နက်များ၊ ခရုခွံများ၊ မီးသွေးနှင့် အရိုးစများကို ထိုကျောက်ဂူတို့၌ လူများနေထိုင်ခဲ့သည့် အထောက်အထားများဟု ယူဆခဲ့ကြသည်။ တင်းအိမ်ဂူတွင် အရေအတွက်မနည်းလှသော လူအုပ်စုတစ်စု မှီတင်းနေထိုင်ခဲ့ကြောင်း အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဖတ်ရှုနိုင်ပေသည်။

ကျောက်ဂူများတွင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် အထောက်အထားသည် ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်းမှ ပြဒါးလင်းဂူကိုတွေ့ရှိပြီးနောက် ပိုမိုခိုင်မာလာခဲ့သည်။ ပြဒါးလင်းဂူကို ၁၉၆၀ ပြည့်နှစ်တွင် ဘူမိဗေဒပညာရှင် ဦးခင်မောင်ကျော်က တွေ့ရှိခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ထိုစဉ်က ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးအောင်သော် ခေါင်းဆောင်သော ပညာရှင်များအဖွဲ့က စနစ်တကျ တူးဖော်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ဦးအောင်သော်သည် ပြဒါးလင်းဂူလေ့လာခဲ့မှုများကို ၁၉၆၉ ခုနှစ် ဇွန်လထုတ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်(JBRS)တွင် The Neolithic Culture of the Padahlin Caves ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင် ရေးသားခဲ့သည်။

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ် ရွာငံမြို့၏ အနောက်ယွန်းယွန်း ၁၀ မိုင်အကွာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် အကြားတွင် တည်ရှိသည်။ ပြဒါးလင်းဂူရှိသည့် ကုန်းမြင့်သည် ညောင်ချပ်ရွာမှ အရှေ့မြောက်ဘက်သို့ ၄ မိုင်နှင့် ရေဘုတ်ရွာဟောင်းမှ အနောက်ဘက်သို့ တစ်မိုင်ကျော်ကွာဝေးပြီး ကင်းတားဆည်၏ အနောက်တောင်ဘက်ဖြစ်သည်။

လိုဏ်ဂူသည် အနည်းငယ်ပြေပြစ်သော တောင်ကုန်းဆင်ခြေလျှောတစ်ခုပေါ်တွင် တည်ရှိနေပြီး လိုဏ်ဂူပတ်လည်တွင် သစ်ပင်များ ထူထပ်စွာပေါက်နေသည့် တောင်ကုန်းများရှိသည်။ ပြဒါးလင်းဂူ၏ တောင်ဘက်တွင် ၁၆၀၇ ပေမြင့်သော ရွှေတောင်ရှိပြီး အရှေ့ဘက်တစ်မိုင်မှ အစပြု၍ ၄၆၈၆ ပေမြင့်သော နွားလည်တို့တောင်တန်းသည် အရှေ့တောင်ဘက်သို့ သွယ်တန်းလျက်ရှိနေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၅၀ အမြင့်တွင် တည်ရှိသည့် ပြဒါးလင်းဂူ၏ ဂူပေါက်များသည် ပေ ၅၀ မှ ပေ ၇၀ အထိ မြင့်သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာမူနေကြသည်။ ပြဒါးလင်းတွင် ထုံးကျောက်ဂူနှစ်ဂူရှိရာ လိုဏ်ဂူအမှတ်(၂)ဖြစ်သည့် အနောက်ဘက်ဂူအတွင်း၌ ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များရှိသည်။ ယင်းဂူသည် ကျယ်ဝန်းသော ဂူကိုးလုံးတန်းဖြစ်ပြီး တစ်ခုနှင့်တစ်ခု ကျဉ်းမြောင်းသောဂူငယ်များဖြင့် ဆက်နေသည်။ ပေ ၈၀၀ ကျော် ရှည်လျားသည့် ယင်းဂူတစ်လျှောက်သည် အလင်းရောင်နည်းပါးပြီး စွတ်စိုနေကာ လူများနေထိုင်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရချေ။

လိုဏ်ဂူအမှတ်(၁) ဖြစ်သည့်အရှေ့ဘက်ဂူသည် အနောက်ဘက်ဂူမှ ကိုက် ၂၀၀ ခန့် ကွာဝေးပြီး လေနှင့်အလင်းရောင် ကောင်းစွာရရှိသည်။ ဂူနံရံသည် အလယ်တွင် ရှေ့သို့ စွန်းထွက်နေသဖြင့် ဂူကို နှစ်ပိုင်းကန့်ထားသကဲ့သို့ ဖြစ်နေသည်။ ဂူနံရံပေါ်တွင် ကြမ်းပြင်မှ ၁၀ ပေ၊ ၁၂ ပေခန့်မြင့်သောနေရာ၌ မြေနီခဲဖြင့် ရေးဆွဲထားသည့် ရုပ်ပုံ ၁၂ ခုကို တွေ့မြင်နိုင်သည်။ ယင်းရုပ်ပုံများသည် လက်ဝါးပုံနှစ်ခု၊ နေပုံတစ်ခု၊ ငါးပုံတစ်ခုနှင့် တိရစ္ဆာန်ပုံရှစ်ခုတို့ဖြစ်ကြသည်။ ပုံများကို တစ်ကြောင်းမျဉ်းရေးဆွဲထားပြီး အနီရောင် ဆေးသွင်းထားသည်။ ပြဒါးလင်းဂူတွင်တွေ့ရှိရသော နံရံပန်းချီ အရုပ်များသည် ပြင်သစ်နိုင်ငံတောင်ပိုင်းနှင့် စပိန်နိုင်ငံမြောက်ပိုင်းတို့တွင် တွေ့ရှိခဲ့သော ကျောက်ခေတ်ဂူများရှိ နံရံပန်းချီပုံများနှင့် ဆင်တူနေသည်။


ကျောက်ခေတ်နံရံဆေးရေးပန်းချီများ ထပ်တွေ့ရသည့် ကမ်းပါးနီကျောက်တုံးကြီး

လိုဏ်ဂူအမှတ်(၁)အတွင်းမှ ကျောက်လက်နက်များ၊ မီးသွေးစများ၊ တိရစ္ဆာန်အရိုးများ၊ အိုးစအိုးနများ အပါအဝင် ပစ္စည်းပေါင်း ၁၆၀၀ ကျော် တူးဖော်ရရှိခဲ့သည်။ ဂူအလယ်မှတွေ့ရှိခဲ့သော အရိုးစများသည် နယူးဇီလန်တက္ကသိုလ်၏ ကာဗွန်ဓာတ်ခွဲနည်း (C 14) ဖြင့် သက်တမ်းတွက်ချက်မှုအရ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ခန့်က အရိုးများဖြစ်ကြောင်း အဖြေထွက်ခဲ့သည်။ ဂူအလယ်တွင်ရှိနေသော ပြာပုံသည် အမြင့်လေးပေခန့်ရှိသဖြင့် လူသားများသည် ပြဒါးလင်းဂူအတွင်း စဉ်ဆက် မပြတ်နေထိုင်ခဲ့ကြောင်း သိရှိနိုင်ခဲ့သည်။ ဂူအတွင်း အမှိုက်ပုံနေရာမှ တွေ့ရှိရသော မီးသွေးစများ၊ အိုးကွဲစများနှင့် ခရုခွံများ၏သက်တမ်းသည် လွန်ခဲ့သော နှစ် ၁၁၀၀၀ မှ ၆၅၇၀ အတွင်းဖြစ်ကြောင်း အဖြေရရှိခဲ့သည်။ ထို့ကြောင့် ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ် ၁၂၀၀၀ မှ ၄၀၀၀ အတွင်း ဖြစ်နိုင်ကြောင်း ပညာရှင်များက တွက်ချက်ခဲ့ကြသည်။

ပြဒါးလင်းဂူတွင်တွေ့ရှိခဲ့ရသော ခုတ်စင်း ခုတ်ဖြတ်ကိရိယာ(Chopper)၊ ကျောက်ခြစ်(Scraper)၊ ကျောက်ပဲခွပ်(Hand Adze)၊ ကျောက်ကွင်း(Stone Ring)များသည် ကျောက်တုံးများကိုဖဲ့၍ ပြုလုပ်ထားသော ကျောက်ကြမ်းလက်နက် အသုံးအဆောင်များ ဖြစ်ကြသည်။ ကျောက်လက်နက်၊ ကျောက်အသုံးအဆောင်များ ပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းအဖြစ်အသုံးပြုခဲ့သည့် ကျောက်စရစ်လုံး(Pebble) များကို ပြဒါးလင်းဂူအတွင်းမှ တွေ့ရှိခဲ့သည်။ ပညာရှင်များက ယင်းကျောက်စရစ်လုံးများကို ပြဒါးလင်းဂူ၏အောက်ဘက် ပေ ၇၀ အကွာရှိ မြေပြန့်မှ ယူဆောင်လာကြခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ ကျောက်များကိုဖဲ့ထုတ်ရာမှ လွင့်စင်လာသည့် အပိုင်းအစများကို ဂူနံရံမျက်နှာပြင်တွင် တွေ့ရှိရဖြင့် ပြဒါးလင်းဂူတွင် နေခဲ့ကြသူများသည် ကျောက်လက်နက်ပစ္စည်းများကို ဂူအတွင်း၌ပြုလုပ်ခဲ့ကြောင်း ယူဆနိုင်ပေသည်။ ယင်းတို့သည် မိမိတို့ပြုလုပ်ခဲ့သည့် ကျောက်လက်နက်များဖြင့် ဂူအပြင်တွင် အမဲလိုက်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ သားကောင်များ၏အရေခွံကိုခွာခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြဟန်ရှိကြောင်းဟု ခန့်မှန်းခဲ့ကြသည်။

ပြဒါးလင်းဂူသည် ပုတတ်တစ်ကောင် မတ်တတ်ရပ်နေသည့် ပုံသဏ္ဌာန်နှင့် တူနေသောကြောင့် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပုတတ်လိုဏ်ဟု ခေါ်ဆိုခဲ့သည်။ မြန်မာလူမျိုးများ၏ ထင်ရှားသော ကျောက်ခေတ်ကာလ ယဉ်ကျေးမှုနေရာတစ်ခုဖြစ်သည့် ပြဒါးလင်းဂူအား ကမ္ဘာ့အမွေအနှစ် ယူနက်စ်ကိုအဖွဲ့သို့ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အဆိုပြု တင်သွင်းထားပြီးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ဝန်းကျင်က မြန်မာကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် ပြဒါးလင်းဂူသည် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခံရပါက နိုင်ငံတကာမှလေ့လာသူများ စိတ်ဝင်စားကြမည့် သုတေသနနယ်မြေတစ်ခု ဖြစ်လာပေမည်။

ပြဒါးလင်းဂူသို့သွားရောက်ရန် မန္တလေးမှ မြစ်သားမြို့နယ် ကူမဲသို့ ၂ နာရီကျော် ကားစီးပြီးနောက် ကူမဲ မှ ၂၁ မိုင်ကွာဝေးသော ကင်းတားဆည်သို့ ကားဖြင့် ဆက်သွားရသည်။ ကင်းတားဆည်သို့ရောက်လျှင် ဆည်ကို စက်လှေဖြင့် ၄၅ မိနစ်ဖြတ်သန်းပြီး လိုဏ်ဂူရှိရာ တောင်ကုန်းမြင့်ဆီသို့ တစ်နာရီနီးပါး တက်ကြရသည်။ ပြဒါးလင်းဂူဝန်းကျင်ကို ပန်းလောင်နှင့် ပြဒါးလင်းဘေးမဲ့တောဟု သတ်မှတ်ထားပြီး ပြဒါးလင်းဂူသို့ရောက်လျှင် မြန်မာ့ကျောက်ခေတ်လူသားများ ရေးခြစ်ခဲ့သည့် နံရံရုပ်ပုံပန်းချီများကို မြင်တွေ့နိုင်ကြပေသည်။

အလျား ပေ ၈၀၊ အနံပေ ၄၀ ရှိ အမိုးသဖွယ်ဖြစ်နေသော ကျောက်တုံးကြီး၏ မျက်နှာကြက်နေရာတွင် တိရစ္ဆာန်နှင့် လက်ဝါးပုံများကို သဘာဝဆေးရောင်များဖြင့် ရေးခြယ်ထားသည်။ အရှေ့တောင်ဘက်မှ အမြင့် ၂၂ ပေအရွယ်ရှိ ကျောက်တုံးကြီး၏ မျက်နှာပြင်အနောက်ဘက်တွင် အရောင်မှိန်နေသည့် အလျား ၁၄ ပေ၊ အမြင့် ၉ ပေအရွယ်ရှိသည့် ဆင်ရုပ်နှင့် အခြားရုပ်ပုံများကို မြင်တွေ့ရသည်။ အလားတူ မှိုပုံသဏ္ဌာန်ကျောက်တုံးကြီး၏ မျက်နှာကြက်တွင်လည်း အရုပ်အချို့ကို တွေ့ရှိရပေသည်။

ပုံများသည် ရေစီးကြောင်းများ၊ ဖုန်မှုန့်များ၊ ကျပ်ခိုးများကြောင့် ထင်ရှားမှု လျော့နည်းလျက် ရှိနေပေသည်။ ကမ်းပါးနီတွင် ကျောက်ခေတ်လက်ရာနံရံပန်းချီများဟု ယူဆရဖွယ်ရှိသည့်ပန်းချီများ ရေးဆွဲထားသည့်နေရာ သုံးခုရှိသည်။

ပုံများသည် တစ်ကြောင်းမျဉ်းဆွဲပုံများဖြစ်ပြီး ရှေးဟောင်းသုတေသနပညာရှင် Dr. Noel Hidalgo Tan က မလေးရှားနိုင်ငံ Gua Tambun in Ipoh ရှိ တိရစ္ဆာန်ပုံများ ရေးဆွဲထားသည့် ကျောက်ခေတ်နံရံပန်းချီပုံသဏ္ဌာန်နှင့် တူညီကြောင်း ပြောကြားခဲ့သည်။ ရှေ့လက်နှင့် နောက်ခြေပါဝင်သည့် ဆင်ရုပ်ကို မျဉ်းနှစ်ကြောင်းထပ် ရေးဆွဲထားသည်။ ဆင်၏ဝမ်းဗိုက်အပြင်ဘက်တွင် လက်ငါးချောင်းရာ လူကြီး လက်ဝါးကိုလည်းကောင်း၊ လက်ခြောက်ချောင်းပါသော လက်ဝါးပုံကိုလည်းကောင်း၊ ကလေးငယ်တစ်ဦး၏ လက်ဝါးပုံကိုလည်းကောင်း တွေ့ရှိနိုင်ပေသည်။ ကျောက်တုံးကြီးများတည်ရှိသောနေရာ၏ မြောက်ဘက်အဆုံးရှိ အငယ်ဆုံး ကျောက်မိုးကမ်းပါးရံ၏ မျက်နှာကြက်တွင် လူနှစ်ဦးသုံးဦးပုံဟု ယူဆရဖွယ်ရှိသည့် အနီရောင်ပုံများရှိသည်။

ပြဒါးလင်းဂူသည် ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် နေရာတစ်ခုဖြစ်ကြောင်း ခိုင်မာသောအထောက်အထားများ ရှိသော်လည်း ကမ်းပါးနီကျောက်နံရံနေရာတစ်ဝိုက်တွင်မူ ကျောက်ခေတ်လူသားများနေထိုင်ခဲ့ကြောင်း အခိုင်အမာ ပြောနိုင်မည့် အထောက်အထားများ လိုအပ်နေသေးသည်။ ပြဒါးလင်းရှိ နံရံပန်းချီများသည် အမိုးအကာအတွင်းတည်ရှိနေသဖြင့် ကောင်းစွာထိန်းသိမ်းထားနိုင်သော်လည်း ကမ်းပါးနီ နံရံပန်းချီများသည် ရာသီဥတုဒဏ်နှင့် အခြားအကြောင်းများကြောင့် ရှင်းလင်းပြတ်သားမှုအားနည်းကာ မှုန်ဝါးဝါးဖြစ်နေပြီး ရေစီးကြောင်းများနှင့် ရောယှက်နေပေသည်။

လိုဏ်ဂူအမှတ်(၁)အတွင်းမှ ကျောက်လက်နက်များ၊ မီးသွေးစများ၊ တိရစ္ဆာန်အရိုးများ၊ အိုးစအိုးနများ အပါအဝင် ပစ္စည်းပေါင်း ၁၆၀၀ ကျော် တူးဖော်ရရှိခဲ့သည်။ ဂူအလယ်မှတွေ့ရှိခဲ့သော အရိုးစများသည် နယူးဇီလန်တက္ကသိုလ်၏ ကာဗွန်ဓာတ်ခွဲနည်း(C 14)ဖြင့် သက်တမ်းတွက်ချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ခန့်က အရိုးများ ဖြစ်ကြောင်း အဖြေထွက်ခဲ့သည်။ ဂူအလယ်တွင်ရှိနေသော ပြာပုံသည် အမြင့်လေးပေခန့်ရှိသဖြင့် လူသားများသည် ပြဒါးလင်းဂူအတွင်း စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြောင်း သိရှိနိုင်ခဲ့သည်။ ဂူအတွင်း အမှိုက်ပုံနေရာမှ တွေ့ရှိရသော မီးသွေးစများ၊ အိုးကွဲစများနှင့် ခရုခွံများ၏သက်တမ်းသည် လွန်ခဲ့သော နှစ် ၁၁၀၀၀ မှ ၆၅၇၀ အတွင်းဖြစ်ကြောင်း အဖြေရရှိခဲ့သည်

**ကမ်းပါးနီ**

ပြဒါးလင်းဂူကိုတွေ့ရှိခဲ့ပြီး ၄၆ နှစ်ကျော်အကြာ ၂၀၁၅ ခုနှစ်တွင် ကျောက်ခေတ်နံရံဆေးရေးပန်းချီများဟု ယူဆရဖွယ်ရှိသည့်ရုပ်ပုံများကို ထပ်မံတွေ့ရှိခဲ့သည်။ ပြဒါးလင်းဂူတည်ရှိသည့် တောင်ကြော၏ အနောက်တောင်ဘက် ခုနစ်မိုင်အကွာရှိ ကမ်းပါးနီရွာအနီးတွင် တစ်စုတစ်စည်းရှိနေသည့် ကျောက်တုံးကြီးခုနစ်တုံးအနက် အမိုးပုံကျောက်တုံး၏ မျက်နှာကြက်ပုံနေရာ၊ ယင်း အမိုးပုံ ကျောက်တုံးရှေ့ရှိ ကျောက်တုံးနံရံနှင့် တောင်ဘက်ရှိကျောက်တုံးတစ်တုံး၏ အောက်ခြေတို့တွင် ကျောက်ခေတ်လက်ရာဟု ယူဆရသည့် နံရံဆေးရေးပန်းချီရုပ်များကို တွေ့ရှိပြီးနောက် ယင်းပန်းချီပုံများကို သန့်စင်ထိန်းသိမ်းစောင့်ရှောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်း ကျောက်ခေတ်နံရံပန်းချီများကို မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းရွာနေ ဦးဝင်းဗိုလ်က လွန်ခဲ့သော ၁၀ နှစ်ကတည်းက တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ပန်းချီရုပ်များတည်ရှိနေသည့် နေရာသည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ်အကြား ဖြစ်သည်။ ယင်းနေရာသည် ပဲထွေးတောင်ခြေဖြစ်ပြီး သဲကျောက်တုံးကြီးခုနစ်တုံးသည် ဖိုခနောက်ပုံသဏ္ဌာန် တည်ရှိနေကာ ဒေသခံများက မြခလောက်ဟု ခေါ်ဆိုကြသည်။

ကမ်းပါးနီသို့ မြစ်သားမြို့နယ် ကင်းတားဆည်မှတစ်ဆင့် ရွာဆိုးပြင်သို့ စက်လှေဖြင့်သွားကြရသည်။ ပဲထွေးတောင်တွင် စက်လှေရပ်နားပြီး ကမ်းပါးနီ ကျောက်ခေတ်နံရံပန်းချီနေရာသို့ ခြေကျင်ခရီး ၃ နာရီ သွားရသည်။

မည်သို့ပင်ဆိုစေ ပြဒါးလင်းဂူသည်လည်းကောင်း၊ ကမ်းပါးနီ နံရံပန်းချီများသည်လည်းကောင်း မြန်မာနိုင်ငံ ရှေးဦးကျောက်ခေတ် ပုံရိပ်များကို တစ်စိတ်တစ်ပိုင်း ဖော်ပြလျက်ရှိနေကြပေသည်။ ရှေးဟောင်းသုတေသန၊ မနုဿဗေဒနှင့် ဘူမိဗေဒ အစရှိသည့် နယ်ပယ်အသီးသီးမှ ပညာရှင်များ၏ ပြဒါးလင်းဂူကို လေ့လာမှုများကြောင့် မြန်မာ့ကျောက်ခေတ်လူနေမှု တစ်စိတ်တစ်ပိုင်းကို သိမြင်နိုင်ခဲ့ကြသည်။ ထို့အတူ ကမ်းပါးနီကိုလည်း ဆက်လက်သုတေသနပြုကြကာ မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုများကို ဆက်လက်ဖော်ထုတ်နိုင်မည်ဟု မျှော်လင့်မိပါသည်။ ။

**ကိုးကား**

(၁) **အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း**

(၂) **The Neolithic Culture of the Padahlin Caves (U Aung Thaw)**

(၃) **မြခနောက်(သို့မဟုတ်)ကမ်းပါးနီ ကျောက်ခေတ်နံရံပန်းချီလက်ရာ (မာန်သစ်ငြိမ်း၊ ရှေးဟောင်းသုတေသန)**

# လှိုင်မြစ်ကူးတံတားပေါ်တွင် ယာဉ်များနေ့စဉ်ရပ်တန့်နေ၍ ရေရှည်တွင် တံတားခံနိုင်ဝန်အတွက် စိုးရိမ်ရ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၏ ကုန်စည်စီးဆင်းမှုကို အဓိက အထောက်အကူဖြစ်စေသော လှိုင်မြစ်ကူး ဘုရင့်နောင်အမှတ်(၁)တံတားနှင့် ဘုရင့်နောင်အမှတ်(၂)တံတားတို့ပေါ်တွင် နေ့စဉ် ယာဉ်များဖြတ်သန်းရာ၌ တနင်္ဂနွေတစ်ရက်မှလွဲ၍ ကျန်ရက်များတွင် ယာဉ်များမှာ တံတားပေါ်တွင် ရပ်တန့်နေရသည့်အတွက် ရေရှည်တွင် တံတား၏ခံနိုင်ရည်ကို ထိခိုက်နိုင်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ယာဉ်မောင်းသူအချို့က အကြံပြုပြောကြားသည်။

လှိုင်မြစ်ကူးတံတားလေးစင်းတွင် ပါဝင်သော ဘုရင့်နောင် အမှတ်(၁)နှင့် အမှတ်(၂)တံတားများတွင် တစ်ပတ်လျှင် ခြောက်ရက်ခန့်မှာ ယာဉ်များပိတ်ဆို့၍ တံတားပေါ်ရပ်တန့်နေရသည်။ ဒီလိုသာ နေ့တိုင်း တံတားပေါ်မှာ ယာဉ်တွေရပ်တန့်နေရရင် ရေရှည်မှာ တံတားခံနိုင်ဝန်ကို ထိခိုက်နိုင်တယ်။ နိုင်ငံတော်က တည်ဆောက်ခဲ့တဲ့ တံတားကြီးလေးစင်းရဲ့အကျိုးကျေးဇူးကို ကျွန်တော်တို့လို ယာဉ်မောင်းတွေက ပိုပြီးသိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွက် အရေးကြီးသလို ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွက်လည်း အရေးကြီးတဲ့ တံတားတွေပါ။ ဒါကြောင့် တံတားကြီးကြံ့ခိုင်လှပနေတာကိုပဲ ပြည်သူတွေက မြင်ချင်မှာပါ” ဟု ညောင်တုန်းမြို့မှ စံပြငါးဈေးသို့ ငါးများတင်ပို့သော ယာဉ်မောင်း ဦးထွန်းအောင်က ၎င်း၏အမြင်ကို ပြောကြားသည်။

အမှတ်(၁)တံတားပေါ်တွင် ယာဉ်များရပ်တန့်ရခြင်းမှာ တံတားပေါ်မှ ဘုရင့်နောင်လမ်းဆုံသို့မောင်းသော ယာဉ်များအနေဖြင့် ခုံးကျော်တံတားအောက်ရှိ မီးပွိုင့်တွင် ညာဘက် သီရိမင်္ဂလာဈေးသို့ကွေ့မည့် ဖရီးကြောမရှိသောကြောင့် လမ်းနှင့်ကပ်လျက်ရှိသည့် သီရိမွန်ပလာဇာအတွင်းလမ်းမှ တစ်စီးချင်းစီကွေ့ဝင်ကာ ဘုရင့်နောင်လမ်းမပေါ်သို့ မောင်းနှင်ရသည့်အတွက် တံတားပေါ်မှ အရှိန်ဖြင့်ဆင်းလာရသောယာဉ်များမှာ ဘုရင့်နောင်ခုံးကျော်တံတားဘေးတွင် ပိတ်ဆို့နေခြင်းကြောင့်ဖြစ်သည်။ အမှတ်(၂)တံတားပေါ်တွင် ယာဉ်များရပ်တန့်နေရခြင်းမှာ သမိုင်းဘူတာ တံတား အတက်အဆင်းတွင် လိုင်းကားများရပ်တန့်၍ ခရီးသည်အတင်အချ ပြုလုပ်နေခြင်းနှင့် အလယ်ဗဟိုလမ်းနှင့် သမိုင်းဘူတာရုံလမ်း မီးပွိုင့်တွင် ယာဉ်များ ထောက်နေသည့်အတွက် ရပ်တန့်နေရခြင်းဖြစ်ကြောင်း သိရသည်။ (၁၆၄)

# ဆန္ဒပြည့်စေတီတော်ကြီး ထီးတော်တင်လှူပွဲကျင်းပ

**အင်္ဂပူ မေ ၂၉**

အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ပိန္နဲကွင်းကျေးရွာအုပ်စုအတွင်း ပျူခေတ်ဂဝံမြို့ဟောင်း ကြပ်ပြင်သာသနာ့နယ်မြေရှိ ဆန္ဒပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ပရိသတ်များအား သီလချီးမြှင့် ဩဝါဒမိန့်ကြားပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်ပြီး စေတီတော်အား လှည့်လည်၍ ပူဇော်ကာ စိန်ဖူးတော်နှင့် ထီးတော်များကို စေတီတော်ကြီးတွင် တင်လှူပူဇော်ခဲ့သည်။ ထို့နောက် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခဲ့ကြကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ



**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် သင်တန်းဆင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကို မေ ၂၆ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ပြီး မေ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးမြဟန်နှင့် အဖွဲ့ဝင်များ၊ နည်းပြများနှင့် ကစားသမားများတက်ရောက်ကြပြီး တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားကာ အာရှအဆင့် အကောင်းဆုံးဒိုင်လူကြီးဆုရ ဦးဖြိုးဇော်အောင်အား ဂုဏ်ပြုဆုချီးမြှင့် ပေးအပ်သည်။

ပြိုင်ပွဲတွင် အသင်းပေါင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ကစားသမားပေါင်း ၅၀၀ ကျော်က အတိုက်ပြိုင်ပွဲ အမျိုးအစားနှင့် ကကွက်ပြိုင်ပွဲ အမျိုးအစားများတွင် သက်တမ်းအလိုက်ခွဲခြား၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲကို မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မေသုခ**



# ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး ခင်းကျင်းပြုပြင်

**ဗန်းမောက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နားနန့်ထွန်ကျေးရွာအုပ်စုတွင် ရာသီမရွေး ဆက်သွယ်သွားလာရေး လွယ်ကူစေရန်အတွက် သွားလာရေးခက်ခဲနေသော ကျေးရွာချင်းဆက်လမ်းကို မိုးမကျမီ ဒေသခံများ ကိုယ့်အားကိုယ်ကိုး၍ ကျောက်ချောခင်းကာ ပြုပြင်လျက်ရှိကြောင်း သိရသည်။

နားနန့်ထွန်ကျေးရွာအုပ်စုအတွင်းရှိ မိုးတေကျေးရွာမှ ရွှေရှင်သာကျေးရွာအထိ အရှည်နှစ်မိုင်၊ အကျယ် ၁၈ ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် မေ ၂၂ ရက်မှ စတင်ခင်းကျင်းခဲ့ရာ မေလကုန်တွင် ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းသည် မိုးတွင်းကာလတွင် ဆက်သွယ်သွားလာရေး ခက်ခဲသဖြင့် မိုးမကျမီ ကြိုတင်ပြင်ဆင်ရခြင်းဖြစ်ကြောင်း၊ လမ်းပြုပြင်ပြီးပါက ဒေသတွင်းကျေးရွာများဖြစ်သည့် မိုးတေ၊ ရွှေရှင်သာ၊ နားနန့်ထွန်၊ နန့်ကျဉ်၊ နားပင်၊ တုံမွတစ်နှင့် နားစီးမှော်ကျေးရွာများကြား ဆက်သွယ်သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

လမ်းပြုပြင်ခြင်းအတွက် ကမ္ဘာ့ဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပံ့ပိုးကူညီငွေကျပ် ၃၂ သိန်းကို မတည်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ဦးစီးဆောင်ရွက်ခဲ့ပြီး ကျေးရွာများမှ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ရွှေတူးဖော်ရေးကုမ္ပဏီများဖြစ်သည့် ဂိုးလ်ဒင်းဇော်ကုမ္ပဏီနှင့် တံချူရှင်ကုမ္ပဏီတို့ကလည်း ဘက်ဟိုးနှစ်စီး၊ မြေသယ်ယာဉ်လေးစီးတို့ ပံ့ပိုးပေးကာ ဒေသခံများ၏ လုပ်အားဒါနဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝ၆၇)

# သဘာဝဘေးအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ဟားခါး မေ ၂၉**

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဟားခါးမြို့ရှိ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်အတွက် နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် ပြည်သူလူထုအပေါ် ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေပြီး ပြည်သူလူထု၏ အသက်အန္တရာယ်များကို ကာကွယ်နိုင်မည်ဟု ယုံကြည်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်ဟရဲ၊ Asian Disaster Preparedness Center(ADPC)မှ နည်းပညာကျွမ်းကျင်သူ Ms.Anggraini Dewi တို့က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်ကြသူများက ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်း၊ ထိခိုက်ပျက်စီးမှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းလေ့လာခြင်းစသည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက် ဆွေးနွေးကြကာ ADPC မှ National Technical Co-ordinator ဦးမောင်မောင်စိုးက ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**



**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်ကောက်ခြင်း၊ မြက်ပင်များ၊ သစ်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းများကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးတင့်ဦးဆောင်သော မိုင်းယောင်းတပ်နယ်မှ စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မေ ၂၇ ရက်က လုပ်အားဒါနပြု ဆောင်ရွက်ကြစဉ်**
(မြို့နယ် ပြန်/ဆက်)

# မြန်မာနိုင်ငံတွင် နည်းပညာဝန်ဆောင်မှုများကို Vertiv အမည်သစ်ဖြင့် ဝန်ဆောင်မှုပေးမည်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံအနေဖြင့် နည်းပညာအသစ်အဆန်းများကို အလျင်အမြန် အသုံးချလာနေမှုများကြောင့် ပြည်ပလုပ်ငန်းရှင်များက နည်းပညာပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိရာ ကမ္ဘာ့နည်းပညာလုပ်ငန်းများတွင် နှစ်ကာလကြာမြင့်စွာ ဦးဆောင်လျက်ရှိသည့် Emerson Network Power ကလည်း Vertiv အမည်သစ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ နည်းပညာရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Vertiv အင်ဒိုချိုင်းနားမှ အုပ်ချုပ်မှုဒါရိုက်တာ PichetKetruam က “မြန်မာနိုင်ငံဟာ အာရှမှာ Vertiv ကုမ္ပဏီအတွက် အရေးကြီးတဲ့ဈေးကွက်တစ်ခုဖြစ်ပါတယ်။ မကြာသေးခင်ကာလအတွင်းမှာ ပြည်တွင်းကုမ္ပဏီကြီးတွေနဲ့ နိုင်ငံတကာ စီးပွားရေးကုမ္ပဏီကြီးတွေမှာ နည်းပညာအသစ်တွေကို မြန်မြန်ဆန်ဆန် အသုံးချလာကြတာတွေ့မြင်ရပါတယ်။ အခုလို အသုံးချလာမှုတွေကို တွေ့ရတဲ့အတွက် Vertiv ဟာ မြန်မာနိုင်ငံမှာစီးပွားရေးလုပ်ကိုင်ဖို့ အခြေအနေကောင်းတွေရှိပြီး ဒီနိုင်ငံက ဖောက်သည်တွေကို သူတို့လိုချင်တဲ့ နည်းပညာပိုင်းမှာ အထောက်အကူ အများအပြားပေးနိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။ မေ ၂၆ ရက်က ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော Vertiv ၏ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် အခြေစိုက်သည့် Vertivသည် ဒေတာစင်တာများ၊ ဆက်သွယ်ရေးကွန်ရက်များ၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် လိုအပ်သည့် အပလီကေးရှင်းများ၊ စီးပွားရေးလုပ်ငန်းသုံး နည်းပညာလိုအပ်ချက်များကို ဒီဇိုင်းဆွဲပေးခြင်း၊ တည်ဆောက်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအား၊ အပူနှင့် အိုင်တီနည်းပညာများကို စီမံခန့်ခွဲသည့်ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိုဘိုင်းနှင့် cloud အခြေပြု ကွန်ပျူတာဈေးကွက်များအတွက် လျှပ်စစ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် အပူချိန်ထိန်း အခြေခံစက်ကိရိယာပစ္စည်းမျိုးစုံကိုလည်း ပံ့ပိုးပေးလျက်ရှိကာ ၂၀၁၆ ခုနှစ်တွင် Vertiv အနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံခန့် ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တောင်အမေရိကရဲ့ ထွန်းတောက်လာမယ့် လူငယ်ကြယ်ပွင့် မာတီနက်ဇ်

*ဒီနှစ်ဘောလုံးရာသီကုန်ဆုံးသွားပြီဖြစ်လို့ ဥရောပပြည်တွင်းလိဂ်ထိပ်တန်းအသင်းတွေဟာ လာမယ့်ဘောလုံးရာသီအတွက် ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားသစ်တွေကို ဝယ်ယူဖြည့်ဆည်းဖို့ စတင်ကြိုးစားနေကြပြီဖြစ်ပါတယ်။ ဒီနှစ်ပိုင်းမှာ ခြေစွမ်းကောင်းမွန်တဲ့ လူငယ်ကစားသမားတွေ အများအပြား ထွက်ပေါ်နေတာမို့ ထိပ်တန်းအသင်းတွေလည်း လူငယ်ဘောလုံးသမားတွေဘက် စိတ်အာရုံညွှတ်ပြီးခေါ်ယူဖို့ အားထုတ်နေကြပါတယ်။ အဲဒီလူငယ်ခြေတက်တွေထဲမှာမှ တောင်အမေရိကရဲ့ လူငယ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မာတီနက်ဇ်ကို ထိပ်တန်းအသင်းတွေက မျက်စိကျနေပြီဖြစ်ပါတယ်။*



နာမည်အပြည့်အစုံက လာအူတာရို မာတီနက်ဇ်ဖြစ်ပြီး အာဂျင်တီးနားနိုင်ငံသားတစ်ဦးဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ် ဩဂုတ် ၂၂ ရက်မှာ မွေးဖွားခဲ့သူမို့ အခုဆိုရင် အသက် ၁၉ နှစ်ကျော်ပဲ ရှိပါသေးတယ်။ တိုက်စစ်စွမ်းရည်ကောင်းတွေ ပြသနေတဲ့ မာတီနက်ဇ်ဟာ အာဂျင်တီးနားကလပ် ရေဆင်းမှာ လက်ရှိကစားနေပြီး အသင်းအတွက် တိုက်စစ်မှူးကောင်းတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။

ရေဆင်းအသင်းကို အသက် ၁၇ နှစ်အရွယ်မှာ ရောက်ရှိခဲ့ပြီး ကျောနံပါတ် ၃၂ ဝတ်ဆင်ကာ တိုက်စစ်မှူးအဖြစ် ကစားခဲ့တဲ့ မာတီနက်ဇ်ဟာ ၂၀၁၅ ခုနှစ်မှာပဲ ရေဆင်းအသင်းအတွက် ၂၃ ပွဲ ကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူနိုင်ခဲ့လို့ အသင်းအုပ်ချုပ်သူတွေက မာတီနက်ဇ်ကို တိုက်စစ်မှူးကောင်းတစ်ဦးအဖြစ် အလားအလာရှိတာကြောင့် ပွဲထွက်ခွင့်များများပေးခဲ့ပြီး နှစ်ရှည်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါတယ်။

မာတီနက်ဇ်ဟာ အရပ် ၅ ပေ ၉ လက်မရှိတာမို့ တိုက်စစ်မှူး တစ်ဦးမှာရှိသင့်ရှိထိုက်တဲ့ အနေအထားဖြစ်ပြီး ခန္ဓာကိုယ်ကလည်း ကြံ့ခိုင်သန်မာမှုရှိတာမို့ ပြိုင်ဘက်ခံစစ်မှူးတွေကို ကျော်ဖြတ်နိုင်သလို အမြင့်ဘောတွေကိုလည်း ခေါင်းတိုက်ဂိုးသွင်းနိုင်သူတစ်ဦးဖြစ်ပါတယ်။

မာတီနက်ဇ်ဟာ လောလောဆယ်မှာတော့ ၂၀၁၇ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားပေးနေပြီး သုံးပွဲကစားပြီးချိန်မှာ ငါးဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကစားသမားကောင်းတွေထွက်ပေါ်ရာ တောင်အမေရိကမှာတော့ မာတီနက်ဇ်ဟာ ထူးချွန်တဲ့တိုက်စစ်မှူးကောင်းတစ်ဦးအဖြစ် ပေါ်ထွက်ခဲ့ပြီဖြစ်တာမို့ အခုဆိုရင် အာဂျင်တီးနား လူငယ်တိုက်စစ်မှူးတွေထဲမှာ ထူးထူးခြားခြားခြေစွမ်းပြနိုင်တဲ့သူအဖြစ် အားလုံးက အသိအမှတ်ပြုထားကြပါတယ်။

မာတီနက်ဇ်ဟာ အာဂျင်တီးနား ယူ-၂၀ ဘောလုံးအသင်းအတွက် စုစုပေါင်း ၁၁ ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုး ရှစ်ဂိုးအထိ ရှိထားပြီး ဂိုးတွေဆက်လက်သွင်းယူဖို့ ရှိနေပါတယ်။ မာတီနက်ဇ်ရဲ့ ခြေစွမ်းကောင်းမွန်မှုကြောင့် မန်ယူ၊ မန်စီးတီးနဲ့ ဘာစီလိုနာအသင်းတွေက ခေါ်ယူဖို့ အပြိုင်အဆိုင် ကြိုးစားလာကြပြီဖြစ်ပါတယ်။

မာတီနက်ဇ်ဟာ ပြိုင်ဘက်ခံစစ်မှူးတွေကို အရှိန်အဟုန်နဲ့ ကျော်ဖြတ်နိုင်သလို ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ အကောင်းဆုံးလှုပ်ရှားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။ မာတီနက်ဇ်ရဲ့ အထူးချွန်ဆုံး အရည်အချင်းတော့ အဆုံးသတ်ဂိုးသွင်းမှု ကောင်းမွန်တာဖြစ်ပြီး ကြံ့သလို အနေအထားနဲ့ ဂိုးသွင်းနိုင်သူပဲဖြစ်ပါတယ်။

ဒါကြောင့် မာတီနက်ဇ်ဟာ တောင်အမေရိကရဲ့ တိုက်စစ်မှူးကောင်းတွေဖြစ်တဲ့ မက်ဆီ၊ အဂူရိုတို့လို ထွန်းတောက်လာမယ့် တောင်အမေရိကရဲ့ ကြယ်ပွင့်အဖြစ် ရောက်ရှိလာမယ့် ကစားသမားတစ်ဦးဖြစ်လာမလားဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**




## တရုတ်ကလပ်က ကမ်းလှမ်းသော်လည်း ချယ်လ်ဆီးနဲ့အတူ ဆက်ရှိနေမယ့် ကော်စတာ

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာကို တရုတ်ကလပ်တီယန်ကျင်းကွမ်ကျန်းက ခေါ်ယူဖို့ ကမ်းလှမ်းထားပေမယ့် အသင်းဟောင်း အက်သလက်တီကိုအသင်းအတွက်သာဆိုရင် ချယ်လ်ဆီးမှ ထွက်ခွာမယ်လို့ သူက ဆိုပါတယ်။ ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးနိုင်လို့ ချယ်လ်ဆီးမှာ ပျော်နေပြီလို့လည်း သူကဆိုပါတယ်။ အက်သလက်တီကိုအသင်းရဲ့ကမ်းလှမ်းမှုကိုသာ စဉ်းစားနေတယ်လို့လည်း သူက အခိုင်အမာပြောဆိုပါတယ်။ ကော်စတာဟာ စပိန်ကလပ် အက်သလက်တီကိုအသင်းနဲ့အတူ နှစ်နှစ်ဆက်တိုက် အောင်မြင်မှုရခဲ့သူဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ် တိုက်စစ်မှူးကော်စတာဟာ အာဆင်နယ်နဲ့ ကစားတဲ့ပွဲမှာ ချယ်လ်ဆီးအတွက် ဂိုးသွင်းပေးခဲ့ပေမယ့် အရှုံးနဲ့ ပြန်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အက်သလက်တီကိုအသင်းအတွက်သာ ချယ်လ်ဆီးကနေ ထွက်ခွာမှာဖြစ်ပါတယ်။ အခြားအသင်းတွေအတွက် စိတ်ဝင်စားမှုမရှိပါဘူးလို့လည်း အာဆင်နယ်နဲ့ ပွဲအပြီး ကော်စတာက ဆိုပါတယ်။




## ရမ်ဆေးကို အက်ဖ်အေဖလားသူရဲကောင်းလို့ ချီးကျူးတဲ့ အာစင်ဝင်းဂါး

အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာမှာ အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ နောက်ကျဂိုးနဲ့ အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သူကတော့ အာရွန်ရမ်ဆေးဖြစ်ပါတယ်။ နည်းပြ ဝင်းဂါးက ရမ်ဆေးကို သူရဲကောင်းအဖြစ် ချီးကျူးခဲ့ပါတယ်။ ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်ကလည်း ဒီပွဲမှာ ဖွင့်ဆော်ဦးဂိုးကိုသွင်းယူပေးခဲ့ပါတယ်။ ရမ်ဆေးဟာ အာဆင်နယ်အသင်းအတွက်တော့ သူရဲကောင်းပါပဲ။ လွန်ခဲ့သော ၁၃ နှစ်ကတည်းက သူဟာ အာဆင်နယ်အသင်းအတွက် ဖလားတွေရအောင် အဓိက စွမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ယခုလည်း အာဆင်နယ်အသင်းရဲ့ဖလားလက်မဲ့ အဆုံးသတ်မှုကို ချေဖျက်ပေးနိုင်ခဲ့ပါတယ်။ သူဟာ အသင်းအတွက်တော့ တကယ် အားထားရတဲ့သူဖြစ်တယ်လို့ ဝင်းဂါးက ဆိုပါတယ်။ ရမ်ဆေးဟာ လွန်ခဲ့သော သုံးနှစ်ကလည်း ဟားလ်စီးတီးနဲ့ ကစားတဲ့ အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့သူအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ ဒီဖလားဟာ အာဆင်နယ်အသင်းရဲ့ ၁၃ လုံးမြောက် အက်ဖ်အေဖလား ဆွတ်ခူးနိုင်မှုလည်း ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## မန်ယူကွင်းလယ်ကစားသမားအဖြစ် ရှိနေဦးမယ့် မိုက်ကယ်ကာရစ်

မန်ချက်စတာယူနိုက်တက်အသင်းအနေနဲ့ ဒီနှစ်ပရီမီယာလိဂ်မှာ ပဉ္စမနေရာမှ အဆုံးသတ်ပြီး ယူရိုပါလိဂ် ဖလားဆွတ်ခူးခဲ့ပါတယ်။ မန်ယူအနေနဲ့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ ရည်မှန်းထားတာဖြစ်တဲ့အတွက် အဓိကကစားသမားတစ်ဦးဖြစ်တဲ့ မိုက်ကယ်ကာရစ်ကို တစ်နှစ်စာချုပ်သစ် ချုပ်ဆိုခဲ့ပါတယ်။ ကွင်းလယ်ကစားသမား ကာရစ်ဟာ လာမယ့်ရာသီမှာ မန်ယူနဲ့အတူ ဆက်လက်ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါဟာလည်း မော်ရင်ဟို ပရီမီယာလိဂ်ဖလား ကိုင်မြှောက်နိုင်ရေး အထောက်အကူဖြစ်စေဖို့လို့ ဆိုပါတယ်။ သူဟာ လာမယ့်ရာသီမှာ မန်ယူရဲ့အနီရောင်အင်္ကျီကို ၁၂ နှစ်မြောက်အဖြစ် ဝတ်ဆင်ကစားမှာ ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ မန်ယူနဲ့အတူ ယူရိုပါလိဂ် EFL ဖလားတွေကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ မိုက်ကယ်ကာရစ်ဟာ မန်ယူမှာ ကစားတဲ့ သက်တမ်းအရှည်ဆုံးကစားသမားတစ်ဦးဖြစ်လာမှာ ဖြစ်ပါတယ်။ သူဟာ ၂၀၀၈ ခုနှစ်က မန်ယူချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးရာမှာလည်း ပါဝင်ခဲ့သူဖြစ်ပါတယ်။ မော်ရင်ဟိုနဲ့ ကာရစ်တွဲပြီး ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ် ဆုဖလားနှစ်လုံးကို ဆွတ်ခူးပေးသွားဦးမယ်လို့ သူက ဆိုပါတယ်။



# မြန်မာ့ရိုးရာအနုပညာ ဆိုင်းလောက၏ ကမ္ပည်းမှတ်တမ်းတစ်ခုရေးထိုးခြင်း

**သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)**

မြန်မာ့ဆိုင်းလောကကို ကမ္ဘာ့တေးဂီတသံစဉ်များနှင့် ယှဉ်ပြိုင်တမ်းဝင်နိုင်အောင် တီထွင်၍ နောင်လာနောက်သား ဆိုင်းပညာရှင်များအတွက် အမွေပေးခဲ့သော ဆိုင်း ဆရာ ရွှာစားကြီး ဂီတသုတေသီ စိန်ဗိုလ်တင့် အမှတ်တရ ကြေးရုပ်တုဖွင့်ပွဲ အကြို အခမ်းအနားကြီးက မြန်မာ့ဆိုင်းလောကတွင် ထူးခြားအောင်မြင်သော မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။


စည်သူ စိန်ဘမော်


စိန်စတင်း


ရွှေလိပ်ပြာ မအေးကြည်


ရွှေဝါထွန်း အေးမြင့်လတ်


မဟာရန်ကုန် သီရိမောင်မောင်


ပန်တျာ တင်ရှိန်

ရုပ်တုဖွင့်ပွဲ အကြိုဖျော်ဖြေခြင်းအခမ်းအနားကို မေ ၁၉ ရက်ညက ကြည့်မြင်တိုင်မြို့နယ် မဟာသကျမုနိဘုရားကြီးရှေ့ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆိုင်းဝိုင်းကြီးများ ပြင်ဆင်ထားပုံမှအစ ထူးခြားလှသည်။ တစ်ချိန်တစ်ခါမှ မမြင်ဖူး၊ မတွေ့ခဲ့ရဖူးသော မြင်ကွင်းဖြစ်သည်။ အလွန်တရာကျယ်ဝန်းသော စင်မြင့်အနောက်အထက်တွင် ရွှာစားကြီး ဂီတသုတေသီစိန်ဗိုလ်တင့်၏ တစ်သက်တာလုံး မြတ်နိုးတန်ဖိုးထား တီးခတ်ခဲ့သော ဆိုင်းဝိုင်းကြီးကိုမြင်သာစွာ ဆင်ထားသည်။

ထိုဆိုင်းဝိုင်းကြီးရှေ့တွင် ၎င်း၏တပည့်ရင်းဖြစ်သူ မဟာရန်ကုန် သီရိမောင်မောင်၏ သစ်လွင်လှပသော 'စိန်'ဆိုင်းဝိုင်းကြီးတစ်ခု။ ထိုဆိုင်းဝိုင်းရှေ့တွင် ပတ်လုံးဆင်ဆိုင်းဝိုင်းနှစ်ဝိုင်းကို စင်၏ ဘယ်ညာ ဘေးတစ်ဖက်တစ်ချက်စီတွင် ဆင်ထားကြသည်။ ပတ်တီးဆရာသုံးဦး တစ်ပြိုင်နက်တည်း လက်စွမ်းပြကြရန်ဖြစ်သည်။

ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေနယ်ပယ်တွင် မုန်းသူမရှိ၊ ချစ်မြတ်နိုးသူတို့သာရှိသည်ဆိုခဲ့သည့် စကားရပ်ကို ဤပွဲက ပြန်လည် သက်သေထူလိုက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပထမ အဖွင့်အခမ်းအနားတွင် ဇာတ်မင်းသားနန်းဝင်းက ဦးဆောင်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားသကဲ့သို့ ဇာတ်မင်းသား မန္တလေးသိန်းဇော်က ရတုပိုဒ်စုံကို ဖတ်ကြားပေးခဲ့သည်။ ထပ်မံဂုဏ်ပြုမှုတစ်ရပ်အဖြစ် စာရေးဆရာကြီး ချစ်ဦးညိုက စိန်ဗိုလ်တင့်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပေးခဲ့သည်။ ဆက်လက်၍ စိန်ဗိုလ်တင့်၏ ဒုတိယသားကြီး ရဲမင်းဗိုလ်(ခ)ဦးဗိုလ်ကြီးက ဝိုင်းဝန်းသူ အားလုံးအပေါ် ကျေးဇူးတင်စကားမျှဝေခဲ့သည်။ အခမ်းအနားအစီအစဉ်ဒုတိယပိုင်း ကြေညာသူအဖြစ် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ချစ်ချစ်ဇော်နှင့် လင်းဇာနည်ဇော်တို့က ပါဝင်ပေးခဲ့ကြသည်။

အခမ်းအနား အဖွင့်တီးလုံးက ကျက်သရေရှိလှသည်။ ခေတ်ပြားခေတ်တစ်လျှောက် ထင်ရှားကျော်ကြားခဲ့သော စိန်ဗိုလ်တင့်၏လက်ရာ 'ထောင်ယောင်နေရေခင်း'တီးလုံးကို အသက်ကြီးကြပြီဖြစ်သော်လည်း လက်စွမ်းထက်ကြသည့် ပဲခူးစိန်မြအောင်(အသက် ၇၅နှစ်)၊ စည်သူ-စိန်ဘမော်(အသက် ၇၆နှစ်)၊ လူမှုထူးချွန်ပထမအဆင့် စိန်စတင်း(အသက် ၆၉ နှစ်)တို့က အပြိုင်(ဆိုင်းပြိုင်)တီးခဲ့ကြရာ ထိုတီးကွက်ကို ပရိသတ်များ၏ အားပေးလက်ခုပ်သံမှာ မစဲခဲ့ပေ။

စိန်ဗိုလ်တင့် တီထွင်တီးခဲ့သည့် အထင်ရှားဆုံးလက်ပေါက်၊ ပရိသတ်အများဆုံးသိခဲ့သော သမ္မတရုပ်ရှင်ရုံ ကန့်လန့်ကာအဖွင့် 'သမ္မတတီးလုံး'ကို တပည့်များဖြစ်ကြသည့် ကျိုက်လတ်ရဲနိုင်လင်း၊ မဟာရန်ကုန် သီရိမောင်မောင်၊ မွန်ပြည်နယ်ကိုကိုနိုင်တို့၏ ပတ်ဝိုင်းသုံးခုအတွင်းမှ တစ်လုံးချင်းပတ်သံ၊ ဆရာ တီထွင်ခဲ့သည့် ကြေး၊ မောင်းသံစဉ်တို့က သမ္မတရုပ်ရှင်ရုံထဲ တစ်ခေါက်ပြန်ဝင် ခံစားရသကဲ့သို့ စိန်ဗိုလ်တင့်ကို ပြန်လည်သတိရစေခဲ့သည်။

တစ်ဖန် ဇာတ်မင်းသားနန်းဝင်းနှင့် မြန်မာ့ရုပ်မြင်သံကြား ခေတ်ဦးကအစ အောင်မြင်ကျော်ကြားခဲ့သော တစ်ခိုင်လုံးရွှေ အေးအေးမြင့်တို့၏ 'လှသူဇာ'အဆို နှင့် အက ကလည်း ပျောက်ကွယ်နေသော မြင်ကွင်းများအကြားမှ ကြည့်ရခဲစွာ ထွက်ပေါ်လာခဲ့သည်။

ပွဲက ကြီးကျယ်ခမ်းနားသကဲ့သို့ အနုပညာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များကလည်း စုံညီလှသည်။ အထူးသဖြင့် ဤပွဲဖြစ်မြောက်အောင် ဝိုင်းဝန်းကြသော ဆရာ့ငယ်မွေးတပည့်များက ပို၍ပို၍ လက်စွမ်းကုန် ပါဝင်ကန်တော့ပန်းဆင်ကြသည်။ ထို့ထက် ရင်တွင်းစကားသံများကလည်း ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် ရောပြွမ်းလျက်ရှိရာ အခမ်းအနားတက်ရောက်လာသူအချို့၏ ရင်တွင်းစကားအချို့ကိုလည်း စုစည်းဖော်ပြလိုက်ရပါသည်။

**စည်သူ စိန်ဘမော်(ဆိုင်းဆရာကြီး)**

"ဇာတိကတော့ ကြည့်မြင်တိုင်ကပါပဲ။ စိန်ဗိုလ်တင့်၊ စိန်ဘမော်၊ စိန်စတင်း၊ ပဲခူးစိန်မြအောင်၊ စံမတူ-စိန်ကြည်မြ ဒီငါးယောက်က တစ်ချိန်ထဲ ခေတ်တစ်ခေတ်မှာ အနုပညာထွန်းတောက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ သူ့အတွက် ဂုဏ်ပြုတီးပေးရမှာမို့ ဝမ်းသာပီတိဖြစ်မိပါတယ်"

**စိန်စတင်း(လူမှုထူးချွန်ပထမအဆင့်)(ဆိုင်းဆရာကြီး)**

"ဆိုင်းလောကသမိုင်းမှာ မှတ်တိုင်တစ်ခု ထပ်ပြီးစိုက်ထူလိုက်တာပါပဲ။ ဆိုင်းဆရာတွေ ခုလိုစည်းစည်းရုံးရုံး၊ စုံစုံညီညီနဲ့ တွေ့ရတာဝမ်းသာတယ်။ ဂုဏ်လည်းယူပါတယ်"

**ရွှေလိပ်ပြာ မအေးကြည်(အငြိမ့်မင်းသမီးကြီး)**

"အမေနဲ့က တစ်ရပ်ထဲသားတွေလေ။ ကြည့်မြင်တိုင် ချင်းချောင်းခြံကပေါ့။ အမေ ကတုန်းက သီချင်းတွေကို သူရေးပေးခဲ့တာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးသွားတာ နှမြောတာပေါ့။ အခု အမေက လာပြီးအားပေး ဂုဏ်ပြုတာ"

**ရွှေဝါထွန်း အေးမြင့်လတ်**

"ဆရာ့ဆီမှာ အသက် ၂၁ နှစ်ထဲက သီချင်းတွေဆိုလာခဲ့တယ်။ ဆရာသေသည်အထိပဲ။ ဆရာရေးခဲ့တဲ့ သီချင်းတွေကို ပြန်ဆိုခွင့်ရတာရယ်၊ ဆရာ့မူရင်းတီးကွက်ကို ပြန်ကြားရတော့ ဆရာ့ကို အလွန်လွမ်းမိပါတယ်"

**မဟာရန်ကုန် သီရိမောင်မောင်(ဆိုင်းပတ်တီး)**

"ရုပ်ရှင်၊ ဂီတ၊ သဘင် စာပေနယ်စုံကနေ ပညာရှင်တွေရဲ့ဝိုင်းဝန်းကူညီမှု၊ ဆရာချစ်တဲ့ ပရိသတ်ကြီးရဲ့ အားပေးမှုကို တွေ့ရတော့ ပင်ပန်းခဲ့သမျှပျောက်ပြီး ဆရာမြင့်မြတ်တဲ့ ဘုံဘဝကနေ ကြည့်နေမှာ၊ တပည့်တွေအပေါ် ကျေနပ်ပီတိ ဖြစ်နေမှာကို မြင်ယောင်မိပါတယ်"

**ပန်တျာ တင်ရှိန်(အဆိုတော်)**

"ဆရာ့ဆီကို ပန်တျာကျောင်းစဆင်းတဲ့ ၁၉၇၄ ထဲက ရောက်ခဲ့ပါတယ်။ အသက် ၁၆ နှစ်ကပေါ့။ ဆရာ့ကို တစ်နေ့မှ မမေ့မရပါဘူး။ နောက်ကို ဒီလိုပညာရှင်မျိုးက ပေါ်လာမယ်မထင်တော့ဘူး။ ဒီနေ့ ရင်ထဲမှာ အလွန်ခံစားနေရပါတယ်။ မျက်ရည်များတောင် ကျမိပါတယ်"

## အေးရှားဝေါ(လ်)ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့်ကျောင်းဆောင်များ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ညောင်တုန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း အေးရှားဝေါ(လ်)ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်များကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ညောင်တုန်းနယ် ရွှေသောင်ယံ ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းဆောင်သစ်၌ မေ ၂၆ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲတွင် အေးရှားဝေါ(လ်)ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းခဲ့သော ရွှေသောင်ယံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ အေးရှားဝေါ (လ်)မှ ဒါရိုက်တာဦးစိုင်းမြင့်သိန်း၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး အေးရှားဝေါ(လ်)ဖောင်ဒေးရှင်းမှ အမှုဆောင် ဦးမျိုးခိုင်က ဖောင်ဒေးရှင်းအနေဖြင့် ကျေးလက်ဒေသများတွင် ရေလွှတ်သည့် လေဒဏ်မိုးဒဏ်ခံ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းမှုအခြေအနေများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေသောင်ယံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အပါအဝင် ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းခဲ့သော ဇလွန်မြို့နယ် ရေလယ်သောင်လေးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်၊ ဟင်္သာတမြို့နယ် အေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်၊ အင်္ဂပူမြို့နယ် ညောင်ကုန်းကြီးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်တို့ကို အေးရှားဝေါ(လ်)ကုမ္ပဏီ ဒါရိုက်တာ ဦးစိုင်းမြင့်သိန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (ဧရာဝတီတိုင်းဒေသကြီး)သို့ လွှဲပြောင်းပေးအပ်ပြီး ကျောင်းတွင်အသုံးပြုရန် အထွေထွေရန်ပုံငွေ သိန်း ၂၀ စီကိုလည်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများသို့ ဖောင်ဒေးရှင်းမှ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးရှားဝေါ(လ်)ဖောင်ဒေးရှင်းက တိုင်းဒေသကြီးအတွင်း နှစ်စဉ် ရေမြုပ်လေ့ရှိသော ကျေးလက်ဒေသများနှင့် သွားလာမှုခက်ခဲသော ကျေးလက်ဒေသများသို့ ကွင်းဆင်းလေ့လာမှုများ စနစ်တကျပြုလုပ်ကာ ကျောင်းဆောင်များကို ရေလွှတ်အောင် ရေဒဏ်မိုးဒဏ်ခံသည့် အဆောက်အအုံများအဖြစ် တစ်ပုံစံတည်း အခိုင်အမာတည်ဆောက်လှူဒါန်းခြင်းဖြစ်ရာ ကျောင်းဆောင်သစ်များမှာ အလျား ပေ ၆၀၊ အနံ ၃၅ ပေစီ ကျယ်ဝန်းပြီး ကျောင်းဆောင်တစ်ဆောင်လျှင် ကျပ် ၆၃၃ သိန်း ကုန်ကျကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## အလုပ်ရုံဆွေးနွေးပွဲတွင် ဆောင်ရွက်ပြီးစီးမှုများကို မီဒီယာများအား ချပြရှင်းလင်း

**မြိတ် မေ ၂၉**

မြိတ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ လုပ်ငန်းကော်မတီ ကိုးခုက နေရာငါးနေရာတွင် ကော်မတီအလိုက် ကဏ္ဍအသီးသီး ဆွေးနွေးခဲ့ကြရာ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ မီဒီယာများအား ရှင်းလင်းပွဲကို မေ ၂၆ ရက်က မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် အလုပ်ရုံဆွေးနွေးပွဲ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က အလုပ်ရုံဆွေးနွေးပွဲတွင် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မီဒီယာများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ လုပ်ငန်းကော်မတီကိုးခုမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

မြိတ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၁၉)ချက်၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၄၃)ချက်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၃၃)ချက်၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၂၉)ချက်၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၁၀၄)ချက်၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းသတ်မှတ်နိုင်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၂၈)ချက်၊ ရေထွက်ပစ္စည်းများကို နိုင်ငံခြားသို့ တန်ဖိုးမြှင့်ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၂၅)ချက်၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆွေးနွေးချက်(၁၀၂)ချက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍတွင် ဆွေးနွေးချက်(၂၇)ချက် ရရှိခဲ့ကြောင်း အလုပ်ရုံဆွေးနွေးပွဲ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

## သတင်းတိုများ

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပမည်

ဝေါမြို့နယ် မြို့မဘောလုံးကွင်း၌ ၂၀၁၇ ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၃၀ ရက်အထိ အချိန်တစ်လခွဲကျော်ကြာအောင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားပြိုင်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ဆွေးနွေးပွဲကို မေ ၂၇ ရက်က ရွှေဘုန်းပွင့် ရိပ်သာတွင် ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် ဝေါမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ မှ အသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

### ရှေးဦးသူနာပြုစုနည်း(ကြက်ခြေနီ) သင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှေးဦးသူနာပြုစုနည်း(ကြက်ခြေနီ)သင်တန်းဖွင့်ပွဲနှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၈ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေညိုတို့က အမှာစကားပြောကြားကာ သင်တန်းအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့သည်။ သင်တန်းကို မေ ၃၁ ရက်အထိ လေးရက်ကြာဖွင့်လှစ်၍ လူနာဆန်းစစ်ခြင်း၊ ပတ်တီးစီးနည်း၊ လူနာသယ်ဆောင်နည်း၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ခုခံအားကျဆင်းမှု(HIV) ရောဂါ စသော အကြောင်းအရာများကို စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ကျေးရွာသောက်သုံးရေကန်ကြီးအား ခြံစည်းရိုးကာရံ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင်းမှ မြန်မာဆယ်မားအူးလ်အွန်ဒုံ(SMU) ကျေးရွာစီမံကိန်းတွင် ပါဝင်သည့် လက်ပန်ကျေးရွာတွင်းသို့ ရေဖြန့်ဝေပေးနေသော တစ်ကေခွဲရှိ မင်္ဂလာကန်တော်ကြီးကို လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး အစီအစဉ်တစ်ရပ်အဖြစ်လည်းကောင်း၊ သောက်သုံးရေကန်ကြီး သန့်ရှင်းသာယာလှပစေရေးနှင့် တိရစ္ဆာန်များဝင်ရောက်မှုမရှိစေဘဲ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေး အတွက်လည်းကောင်း ရည်ရွယ်ကာ လက်ပန်ကျေးရွာ(SMU) ဥက္ကဋ္ဌ ဦးစိန်နွဲ့နှင့် ကော်မတီဝင်များ ဦးဆောင်၍ ရွာသူ ရွာသားများ စုပေါင်းထည့်ဝင်လှူဒါန်းငွေများ ဖြင့် ကန်ပတ်လည် အုတ်ခုံပေါင်ပေါ်တွင် ကွန်ကရစ်အုတ်တိုင်များ ထောင့်လုံသံဆန်ခါများကို မေ ၂၅ ရက်မှ စတင်ကာရံလျက်ရှိကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**



Ovaltine
အိုဗာတင်းနဲ့အတူ အောင်မြင်မှုကို
လွန်ခဲ့သော ၂၅ နှစ်က စတင်ခဲ့တာပါ
ကလေးတွေ ထူးချွန်သန်စွမ်းကျန်းမာပြီး သူတို့ဘဝခရီးအောင်မြင်ဖို့အတွက်
အာဟာရပြည့် အိုဗာတင်းကို ပေးလိုက်ရအောင်
ဒီနေ့
လွန်ခဲ့သော
၁၀
နှစ်က
လွန်ခဲ့သော
၂၅
နှစ်က
Energy
COMPLETE NUTRITION*
For Every Healthy Day
Protection
Strong
More Malt & Milk
Malted Milk
အိုဗာတင်းယုံကြည်ထားတာက အောင်မြင်မှုရဲ့အခြေခံဟာ ကျန်းမာရေးကောင်းပါ။
အိုဗာတင်းတစ်ခွက်မှာ အာဟာရဓာတ်အများကြီးတဲ့ မုယောစပါးနှင့် နို့အပြင် အခြားဗီတာမင်နှင့် သတ္တုဓာတ်တွေပါပါတယ်။ အိုဗာတင်းကို ပုံမှန်အစားအစာတွေနဲ့အတူ နေ့တိုင်းသောက်ခြင်းဖြင့် အကောင်းဆုံးအာဟာရကို ရမှာဖြစ်ပါတယ်။ ဘဝခရီးအောင်မြင်ဖို့အတွက် ကျန်းမာခြင်းအစွမ်းပါ။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
## ၂၀၁၇ ခုနှစ် မေ ၂၉ ရက်


၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ"က"အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ"ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။


၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ်"ကက"အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တံဆိပ်၏အပေါ်၌ **2nd အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်** ပေါ်တွင် **2nd** အမှတ်အသားမပါဝင်သော **"ကက"အက္ခရာမှ အစဉ်လိုက် "ကခ"အက္ခရာ**ထိ ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက် တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၂၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၃)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် **(''က'' အက္ခရာမှ အစဉ်လိုက်''န''အက္ခရာထိ)** = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် **အရန်ထီလက်မှတ်** **(''ကဒ'' အက္ခရာမှ အစဉ်လိုက်''ကအ''အက္ခရာထိ)** = ၁၆ လုံး

စုစုပေါင်းအက္ခရာ = ၃၆ လုံး

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၈၄၅၄၄၈)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၂၃၉၈၉၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၄၇၂၇.၂၄)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| **(က)** | **အထူးဆုကြီးစနစ်** | | |
| | (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| | (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| | (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |
| **(ခ)** | **ဆုတစ်ဆုချင်းစနစ်** | | |
| | (၁) ကျပ်သိန်းတစ်ရာ | = | (၃၇) ဆု |
| | (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| | (၃) ကျပ်ဆယ်သိန်း | = | (၄၁) ဆု |
| **(ဂ)** | **ဝေဝေဆာဆာပေသောဆုမဲစနစ်** | | |
| | (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| | (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| | (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| | (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | **၁၀၀၂၂၀ ဆု** |

၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၁၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

**ဖခင်အမည်မှန်**

မရမ်းကုန်းမြို့နယ်၊ တော်ဝင်နဝရတ် ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းနေ မောင်ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၁၀/မလမ(နိုင်)၂၃၅၉၁၆ ဖြစ်ပါသည်။

---

## REQUEST FOR EXPRESSIONS OF INTEREST
### (CONSULTING SERVICES - Individual Consultants)

**The Republic of the Union of Myanmar**
**Agricultural Development Support Project (ADSP)**
**Credit No: 5624 MM**

The Republic of the Union of Myanmar is in the process of receiving funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the National Procurement Officer (Ref#SC-17)position. Interested consultants must provide their updated curriculum vitae,indicating personal and technical skills, qualifications and experience in similar assignments.

The Services are expected to be carried out over a period of 12 months with the possibility of extension, starting in July 2016.The location of work will be the Ministry of Agriculture, Livestock and Irrigation in Nay Pyi Taw, Myanmar.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers dated July 2014("Consultant Guidelines") , setting forth the World Bank's policy on conflict of interest. A Consultant will be selected in accordance with procedures set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference(TORs)can be obtained at the address below during working days from 10:00 to 15:00 hours.

Expressions of interest must be delivered in a written form to the address below(in person,or by mail,or by e-mail, or by Fax) by 16th June 2017 , 14:00 hrs.

Attn: Mr.Tint Lwin , Director of Procurement
Irrigation and Water Utilization Management Department
Ministry of Agriculture, Livestock and Irrigation
Building No.43, Floor/Room number: 1st floor, Office of Director of Procurement, Nay Pyi Taw
Country: Republic of the Union of Myanmar
Telephone: +95-67-410019, Fax+95-67-410509,
E-mail: tlwin4.irr@gmail.com

---

### လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘိလပ်မြေအိတ်ဖွင့်တင်ဒါ အမှတ်(၁) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာနအတွင်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ဘိလပ်မြေ (၆၆၅၀)တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၇ရက်မှ ၂၉-၆-၂၀၁၇ ရက်ထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၀-၆-၂၀၁၇ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်** - ၃-၇-၂၀၁၇ ရက်၊ ၁၃း၃၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### (တင်ဒါအမှတ်-၁/၂၀၁၇-၂၀၁၈)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရရှိသော တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများအား သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၅-၆-၂၀၁၇ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၆-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၆-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၄၂ ၇၀၁၅၃**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ် (ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်(နိုင်ငံခြားစာစစ်)၊ မော်လမြိုင်၊ ဒဂုံ၊ ပုသိမ်၊ စစ်တွေ၊ တောင်ငူ၊ ပြည်၊ ထားဝယ်၊ ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း၊ ဟသ်ာတ၊ မအူပင်၊ ဘားအံ၊ မြိတ်၊ ပဲခူး၊ တောင်ကုတ်ဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁$\frac{၁}{၂}$)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီ မဖြစ်စေရ)နှင့် မှတ်ပုံတင်မိတ္တူတို့ကိုပူးတွဲ၍ ၂၅-၈-၂၀၁၇ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး သက်ဆိုင်ရာဌာနခွဲသို့ ပေးသွင်းရန်ရှိသော ငွေကြေးများ ပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ အဝေးသင်ဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်သော်လည်း၊ မိမိတို့နှင့်သက်ဆိုင်သည့် အဝေးသင်ဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဘွဲ့ဆိုင်ရာကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၆ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(အောင်ခိုင်သန်း)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဖောင်းတောအုပ်စု၊ နွယ်နွဲ့ကျေးရွာနေ နဝမတန်းမှ မောင်ရှိုင်းထက်ဦးနှင့် စတုတ္ထတန်းမှ မောင်မိုးဇော်ဦးတို့၏ဖခင် ဦးတေဇနှင့် ဦးတင်ဝင်းလှိုင် ၉/မခန(နိုင်)၁၇၂၈၁၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဝင်းလှိုင်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ ရေအေးကျေးရွာ ဆဋ္ဌမတန်းမှ မအိနှင်းဇင်နှင့် မအိနှင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမောင်တင့် ၉/တကန(နိုင်)၁၇၀၅၂၄ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မဂ္ဂဘင်းကျေးရွာ အလက(ခွဲ)မှ စတုတ္ထတန်းအောင်မြင်သူ မောင်မင်းမခကျော်နှင့် မအေးစံပယ်မိုးတို့၏ဖခင် ဦးကျော်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးကြည်ရွှင် ၇/ကဝန(နိုင်)၁၅၈၃၉၆ ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၁၇-၂၀၁၈ ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်

## ဝင်ခွင့်လျှောက်လွှာခေါ်ယူမည့်ရက်ကို တိုးမြှင့်သတ်မှတ်ခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်း (၃၄) ကျောင်း၌ ပထမနှစ်သင်တန်းတက်ရောက်လိုသူများအတွက် ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခဲ့ပြီး အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူများအား မိမိတက်ရောက်လိုသည့် ကျောင်းများတွင် ၈-၅-၂၀၁၇ ရက်မှ ၂၃-၅-၂၀၁၇ရက် အထိ လျှောက်လွှာတင်သွင်းရန် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကျောင်းများအနက် အစိုးရနည်းပညာအထက်တန်းကျောင်း (ဗန်းမော်၊ မင်းတပ်၊ ကလေး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ ခန္တီး၊ ထားဝယ်၊ မြိတ်၊ ပင်းပက်၊ ပူတာအို၊ တီးတိန်) စုစုပေါင်း ၁၂ ကျောင်းတွင် ဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းကို ၁၁-၆-၂၀၁၇ ရက်အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ချင်းပြည်နယ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်နယ်ရုံး(၂)ထပ် မြှင့်တင်ခြင်း၊ ဖလမ်းခရိုင်ရုံးအသစ် (၂)ထပ် (၁)လုံး၊ မင်းတပ်ခရိုင်ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၂)ထပ် (၁)လုံး၊ ပလက်ဝမြို့နယ်ရုံး (၁)လုံး၊ တီးတိန်မြို့နယ် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၁)ထပ်(၁)လုံး၊ ဖလမ်းခရိုင်ဝန်ထမ်း အိမ်ရာခြံစည်းရိုး၊ ကန်ပက်လက်ဝန်ထမ်းအိမ်ရာ ခြံစည်းရိုးကာရံခြင်း စသည့်တည်ဆောက် ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူမည့်ရက်** - ၁၂-၆-၂၀၁၇ ရက်

၃။ **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၃-၆-၂၀၁၇ ရက် ၁၆း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၈-၆-၂၀၁၇ ရက်

၅။ **တင်ဒါတင်သွင်းမည့်လိပ်စာနှင့် နေရာ** - ညွှန်ကြားရေးမှူး၊ ပြည်နယ်စီမံကိန်း ဦးစီးမှူးရုံး၊ ဟားခါးမြို့

၆။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဟားခါးမြို့

၇။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၇၀- ၂၀၆၀၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၁/၂၀၁၇-၂၀၁၈)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လက်အောက်ရှိ မြို့နယ်များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းမျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလို ပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူ လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟင်္သာတခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်း တွင် ၂၀-၆-၂၀၁၇ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၆-၂၀၁၇ ရက် ၁၁း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ် မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၆-၂၀၁၇ ရက် ၁၃း၃၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာန တွင် ၂၀-၆-၂၀၁၇ ရက်မှ ၂၇-၆-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဟင်္သာတခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၄၄-၂၁၀၃၃**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
ဖြည့်တင်းရေးဌာနခွဲ
နေပြည်တော်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီသည့် ၈၀/၁၀၀အမျိုးအစားကတ္တရာ (၁၁၁၈၃.၃၁၃၈± ၂၅ရာခိုင်နှုန်း)မက်ထရစ်တန်နှင့် သံချောင်းလုံးအရွယ်စုံ (၁၇၉၉.၅၈၅±၂၅ရာခိုင်နှုန်း) တန်အား ပျဉ်းမပင်သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၇ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၇ ရက် ၁၆း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၃-၇-၂၀၁၇ နံနက် ၁၀း၀၀ နာရီ (အချိန်ပြောင်းလဲပါကထပ်မံကြေညာပါမည်။)

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံ စဉ်းစားမည်မဟုတ်ပါ။

၇။ တင်ဒါစိစစ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကတ္တရာ ၈၀/၁၀၀ အမျိုးအစားနှင့် သံချောင်းလုံးရွယ်စုံအား ကိုက်ညီမှုရှိ/မရှိ ကြိုတင်စစ်ဆေးရန်အတွက် ၂၆-၆-၂၀၁၇ရက် ညနေ ၄း၃၀နာရီထက်နောက်မကျစေဘဲ နမူနာတင်သွင်းမည့် ကတ္တရာနှင့်သံချောင်းလုံး ရွယ်စုံတို့အား လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲသို့ ကြိုတင်ပေးပို့ရပါမည်။ ပေးပို့မှု မရှိသောကုမ္ပဏီအား တင်ဒါစိစစ်ခြင်းမှ ပယ်ဖျက်ပါမည်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**လမ်းဦးစီးဌာန**
**ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၄၀၇၅၈၈**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ မြို့လယ်ရပ်နေ ဦးဇော်ဝိတ် ၉/မတရ(နိုင်) ၀၄၅၂၃၊ ဒေါ်ညွန့်ရွှေ ၉/မတရ(နိုင်)၀၀၀၁၃ တို့၏သား မောင်သက်ဇော်ထူး ၉/မတရ(နိုင်)၁၈၇၁၂၀ သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါ သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းများရှိပါက လုံးဝတာဝန် မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဇော်ဝိတ်-ဒေါ်ညွန့်ရွှေ**

---

# ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
# ရန်ကုန်မြို့
## လျှောက်လမ်းကော်ဇော ဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်တွင် မိုးရာသီကာလအတွင်း ဘုရားဖူးများ ခြေချော်လဲခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် သပ်ရပ် ခိုင်ခံ့သော ရေစိုခံ ပလတ်စတစ်ကော်ဇောများ ခင်းကျင်းကုသိုလ်ပြုလိုပါသည်။

ပလတ်စတစ်ကော်ဇော ကိုက်(၃၅၀၀) ဝယ်ယူလိုပါ၍ ပလတ်စတစ် ကော်ဇော ရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ၂၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၇-၆-၂၀၁၇ ရက် ဗုဒ္ဓဟူးနေ့ ၁၃း၀၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်(တင်ဒါ)တင်သွင်း နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပက အဖွဲ့ရုံး၊ စီမံအုပ်ချုပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၁-၃၇၅၇၆၅**

**ဂေါပကအဖွဲ့**

---

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်စစ်/စက်မှု/အီလက်ထရောနစ်/စက်မှုအီလက်ထရောနစ်) ရာထူးနေရာများအတွက်

## ရေးဖြေစာမေးပွဲအောင်မြင်သူများ စာရင်းထုတ်ပြန်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက် တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်း အငယ်တန်း အင်ဂျင်နီယာ(၂) (လျှပ်စစ်/စက်မှု/အီလက်ထရောနစ်/စက်မှုအီလက်ထရောနစ်)ရာထူးများတွင် ခန့်ထားရန် ၂၆-၃-၂၀၁၇ ရက်တွင် ပြုလုပ်သော ရေးဖြေစာမေးပွဲ၌ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ၁၄-၆-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီတွင် လူတွေ့စစ်ဆေးမည့် ခုံအမှတ်များ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 YEP | 29 | 178 | 244 | 28 | 187 | 315 | 171 | 82 | 146 | 99 | 436 | 36 | 234 |
| | 271 | 198 | 189 | 61 | 334 | 200 | 263 | 110 | 191 | 174 | 140 | 153 | 152 |
| | 16 | 144 | 367 | 94 | 85 | 438 | 382 | 114 | 142 | 169 | 442 | 23 | 68 |
| | 50 | 88 | 404 | 411 | 51 | 67 | 422 | 400 | 98 | 219 | | | |
| 2 YEP | 173 | 8 | 3 | 153 | 201 | 5 | 196 | 57 | 494 | 18 | 239 | | |

(ခ) ၁၅-၆-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီတွင် လူတွေ့စစ်ဆေးမည့် ခုံအမှတ်များ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2 YEP | 21 | 472 | 85 | 4 | 501 | 47 | 281 | 386 | 384 | 303 | 291 | 7 | 637 |
| | 318 | 202 | 191 | 54 | 210 | 52 | 278 | 541 | 94 | 638 | 39 | 197 | 93 |
| | 613 | 161 | 59 | 594 | 436 | 531 | 63 | 88 | 443 | 292 | 311 | | |
| 1 YEC | 15 | 13 | 33 | | | | | | | | | | |
| 2 YEC | 208 | 196 | 278 | 282 | 294 | 141 | 3 | 7 | 47 | 160 | 13 | 70 | 176 |
| | 1 | 298 | | | | | | | | | | | |
| 1 YMech | 62 | 10 | 7 | 35 | | | | | | | | | |
| 1 YMC | 1 | 33 | | | | | | | | | | | |

**မှတ်ချက် ။** စက်မှု(မ)နှင့် စက်မှုအီလက်ထရောနစ် (မ) ရေးဖြေအောင်မြင်သူမရှိပါ။

**သတင်းပို့ရမည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအထိ

**နေရာ** - ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ အမှတ် ၁၉၇-၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်

၂။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါစာရွက်စာတမ်း များနှင့်အတူ အချိန်မီသတင်းပို့ရမည် ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ (သို့မဟုတ်) ဘွဲ့လက်မှတ် (မူရင်းနှင့် မိတ္တူ)
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာတာဝန်ခံ အရာရှိထောက်ခံချက်။

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်သတင်းပို့ ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄အေ[၆၂]၊ ရွှေမေတ္တာအိမ်ရာ၊ မြေကွက်အမှတ် ၂၃၀/စီ[၁]၊ ဧရိယာ ၀ ဒသမ ၀၆၄ ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ရင်ရင် ဖြစ်ပါသည်။ အဆိုပါ မြေကွက် အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ် (၁၃၂၅/၂၀၁၇) ရက်စွဲ ၁၆-၅-၁၇ တင်ပြ၍ ဒေါ်ခင်သန်းနွယ် ၁၂/တမန(နိုင်) ၀၆၈၃၀၄၊ ဦးနေဝင်း ၁၂/တမန(နိုင်) ၀၆၈၃၆၁၊ ဒေါ်စန်းစန်းချစ် ၁၂/ဗဟန(နိုင်) ၀၀၆၅၉၆၊ ဦးခင်မောင်တင့် ၁၂/တမန(နိုင်) ၀၉၄၇၈၉ အမည်များသို့ ပြောင်းလဲခွင့် ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခိုင်ဇော်ထွန်း ၈/မဘန (နိုင်)၁၀၄၇၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုမင်း ၈/မဘန (နိုင်)၁၃၇၆၈၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၆၄၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6976 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဖိတ်ကြားလွှာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဝင်အသစ်အဖြစ် တိုးချဲ့ဖွဲ့စည်းထားသော ဆေးပညာရှင် အဖွဲ့ဝင်သစ်များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို ၃-၆-၂၀၁၇ ရက် မွန်းလွဲ ၁၄း၀၀ နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်သစ်များ မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံဆေးပညာရှင်အမှုဆောင်အဖွဲ့**

---

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)
Commerce Graduates' Association (Myanmar)

## ဟောပြောပွဲ ကျင်းပမည်

| | | |
|---|---|---|
| **ဟောပြောပွဲခေါင်းစဉ်** | : | အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် ကြေညာလွှာပုံစံ ဖြည့်သွင်းခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် |
| **ဟောပြောမည့်သူ** | : | ဒေါ်ခင်ယမုန်အောင်(ညွှန်ကြားရေးမှူး) အလယ်အလတ်အခွန် ထမ်းများဆိုင်ရာ အခွန်ရုံး(၁)<br>ဒေါ်နန်းပေါင်းခမ်း(ဒုတိယညွှန်ကြားရေးမှူး) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) |
| **ကျင်းပမည့်ရက်နှင့်အချိန်** | : | ၂၀၁၇ ခုနှစ် ဇွန် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ |
| **ကျင်းပမည့်နေရာ** | : | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ |
| **ဆက်သွယ်ရမည့်သူများ** | : | ဦးအောင်နိုင်ထွန်း(CGA အသင်းရုံးခန်း) ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂<br>ဦးကျော်စွာဝင်း(CGA အသင်းရုံးခန်း) ဖုန်း-၀၉-၉၇၈၄၂၃၇၈၄<br>MICPA ရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃ (ရုံးချိန်အတွင်း) |
| **မှတ်ချက်** | : | စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဇွန် ၂ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်စာရင်း ပေးသွင်းပါရန်။ |

---

## မန္တလေး မီယာကိုမှ အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ဂျပန်နိုင်ငံ Kansai Poultry ကုမ္ပဏီတွင် ၃နှစ် အလုပ် လုပ်ကိုင်ရင်း နည်းပညာသင်ကြားခွင့်ရရှိသော ကျောင်းသူ မြင့်မြင့်ထွေး၊ နှင်းစုဝေ၊ သင်းသင်းဖြူ၊ ခင်သူဇာလှုိင်၊ နော်အိစင် ပြိုး၊ နန်းခင်ခင်ပိုင်တို့အတွက် အထူးဝင် ဝမ်းမြောက်ဂုဏ်ယူပါ သည်။ ဂျပန်နိုင်ငံမှ ကြိုးစားသင်ယူလေ့လာသော နည်းပညာများ ဖြင့် အမိမြန်မာနိုင်ငံကို ပြန်လည်အကျိုးပြုနိုင်စေရန် ဆန္ဒပြုပါ သည်။ **Mandalay Mlyako Center (MMC)**

**မန္တလေးမီယာကို ဂျပန်ဘာသာသင်တန်းကျောင်း**
**ဖုန်း-၀၂-၆၆၉၂၁၊ ၆၈၂၃၉ (လိုင်းခွဲ-၃၁၈)၊ ၀၉-၇၇၂၂၅၂၃၇၃**

---

## ကျေးဇူးဆပ်ပါမည်

ဦးအောင်တင်ဝင်း ၉/ခမစ(နိုင်) ၀၃၅၆၇၀ ၏ CDC-75451 မှ EER လက်မှတ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၀၂၅၅၄၇၆၃**

---

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ထနောင်းဝန်း ကျေးရွာ၊ အထက (၁)၊ တက္ကသိုလ် ဝင်တန်း (A)မှ မောင်သန့်ဇင်ဖြိုးနှင့် ပဥ္စမတန်း (C)မှ မဆွေဆွေနိုင်တို့၏ ဖခင်မှာ ဦးမြင့်ခိုင် ဖြစ်ပါကြောင်း။

**ဦးမြင့်ခိုင် ၅/ရဘန(နိုင်)၁၉၄၈၇၄**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၉

ဦးချိုကြီး (ခ) ဦးမောင်အေး **နှင့်** ဒေါ်သင်းသင်းခိုင်
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာနေ တရားပြိုင် ဒေါ်သင်းသင်းခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချိုကြီး (ခ) ဦးမောင်အေးက ဓာတ်မြေသြဇာဖိုး ငွေသိန်း ၁၄၀ ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေ ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆို နိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၈ ရက် (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရ မည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရ မည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူသွယ်)**
**ခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

---

## အမည်ပြောင်း

မိုးညှင်းမြို့နယ်၊ အမက နမီးစု စတုတ္ထတန်းမှ (ဘ)ဦးအောင် မင်းစိုး၏သမီး မထက်ထက်ခိုင် အား မရတနာနေကြည်ဟု ပြောင်းလဲခေါ်ဆိုရန်။

---

## ဖခင်အမည်မှန်

ဆားလင်းကြီးမြို့နယ်၊ မိုင်းမြို့၊ အထက (ကြေးနီ)၊ တက္ကသိုလ်ဝင် တန်းမှ မတင့်တင့်ခိုင်၏ ဖခင်အမည် မှန်မှာ ဦးဌေး ၅/ဆလက(နိုင်) ၀၉၉၁၇၇ ဖြစ်ပါသည်။

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်၊ တိုင်းရင်းဆေးရုံလမ်း (ဘုရင့်နောင်လမ်း)၊ သလ္လာ မြို့သစ်နေ ဦးအောင်ရှင်-ဒေါ်တင်ဝင်းတို့၏သား မောင်ဝင်းသိန်း (ခ) မောင်ပြည်ဖြိုးအောင်သည် မိဘတို့၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ နေ့စဉ် လိုလို မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်ပြုမူနေပြီး အခြားခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို မိဘနှစ်ပါးမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်ရှင်-ဒေါ်တင်ဝင်း**
**ချမ်းမြဝတီရပ်-မုံရွာမြို့**

# မောင်တောမြို့ ကျောက်ပန္နူကျေးရွာ၌ တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျေးရွာသစ်အကောင်အထည်ဖော်တည်ဆောက်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နူကျေးရွာသစ် အကောင်အထည်ဖော်နေစဉ်

**မောင်တော မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာတွင် တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျေးရွာသစ်တစ်ရွာကို စတင်အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"အခု အကောင်အထည်ဖော်တည်ဆောက်ပေးတဲ့ တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ က ဒုတိယသမ္မတရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ အကောင်အထည်ဖော်တည်ဆောက်ပေးတာဖြစ်ပါတယ်။ အရင် ကျောက်ပန္နူရွာဟောင်းကတော့ အိမ်ခြေ ၇၀ လောက်ရှိတယ်။ ခု တည်ဆောက်ပေးတာက ထပ်တိုးကျေးရွာသစ် ထပ်မံတိုးချဲ့ပေးတဲ့သဘောပါ။ ဒေသခံတိုင်းရင်းသားတွေအတွက် ရည်ရွယ်ဆောက်လုပ်ပေးတာဖြစ်ပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ခေတ္တရပ်နား



ပြည်တွင်း ပြေးဆွဲနေသည့် ခရီးသည်တင်သင်္ဘောများနှင့် ပင်လယ်ပြင်သွား သင်္ဘောများ ရပ်နားထားစဉ်

**တင်ထွန်း(ပြန်/ဆက်)**

**စစ်တွေ မေ ၂၉**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ"၏ အခြေအနေကြောင့် ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများ မေ ၂၉ ရက်တွင် ခေတ္တရပ်နားထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် ခရီးသည်တင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ ခေတ္တရပ်နားထားရကြောင်း၊ စစ်တွေမြို့ကိုအခြေပြုပြီး ကမ်းရိုးတန်းပြေးဆွဲနေသည့် ခရီးသည်တင်သင်္ဘောများနှင့် ပင်လယ်ပြင်သွားလာနေသည့် သင်္ဘောများကို မေ ၂၈ ရက်မှစ၍ ရောက်နေသည့် နေရာတွင်

*စာမျက်နှာ ၉ ကော်လံ ၅* ❒

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ" အားကောင်းလာနိုင်

**နေပြည်တော် မေ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ"သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၁၆၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ" (Mora)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

